www.burmeseclassic.com

ဦးရှင်ကြီး



# ဒိဋ္ဌေကျော်က

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁)

ထူးဆန်းလှသောအိပ်မက်ပင် ဖြစ်လေသည်။ အိပ်မက်မက်နေရင်းက အိပ်မက်ဟု သိနေမိသည်။ထိုသို့ သိနေလျက်ကပင် သူမဝိညာဉ်မှာ အိပ်မက်အတွင်းရှိ ဒေသသို့ လွင့်မျောရောက်ရှိနေသလို ခံစားရလေသည်။

အိပ်မက်ပင်ဖြစ်သော်ငြား တကယ်ထိတွေ့သည့်အတိုင်းလည်း ခံစားနေရလေသည်။

ဒေါ်ဖြူတစ်ယောက် ခြေချမိသည်မှာ သဲမှုန်မွမွပေါ်သို့ ဖြစ်သည်။ ပင်လယ်ရေဖွေးဖွေးများ ပတ်ပတ်လည် ဝန်းရံလျက်ရှိသော ကျွန်းကြီးတစ်ကျွန်းပေါ်သို့ သူမ ရောက်ရှိနေခြင်းဟု သိလိုက်ရသည်။ ထူးထူးခြားခြား သူမ ခြေချမိထားသော သဲမှုန်ပြင်သည် အညို

www.burmeseclassic.com

www.burmeseclassic.com



ရောင်မြေသား ဖြစ်နေ၏။ သဲသောင်ပြင်၏ အဆုံးရှေ့တူရူတွင် တောအုပ်လေးတစ်ခုရှိသည်။ တောစပ်လေး၏ ရှေ့တွင် အုန်းပင်များ စီတန်းပေါက်ရောက်နေ၏။ များပြားလှသော အုန်းပင်တန်းသည် ကျွန်းကြီးတစ်ခုလုံး မျှော်မဆုံးအောင်ပင် ပေါက်ရောက်နေသည်ဟု ထင်မိသည်။

မှောင်ရီအုပ်ဆိုင်းနေသော တောအုပ်လေးထဲသို့ လျှောက်လာမိခဲ့၏။ တောစပ်နားတွင် ဝင်ပေါက်ဖြစ်ပုံရသော လမ်းသေးသေးလေးတစ်ခု၊ ခြေစုံရပ်ကာ မျှော်ကြည့်မိသည်။ အတွေးတို့က စဉ်းစားချင့်ချိန်မအားဘဲ ထိုလမ်းလေးအတိုင်း လျှောက်လာမိခဲ့တော့သည်။ အပြင်မှ ကြည့်စဉ်တုန်းက မှောင်သည်ဟု ထင်ရသော်လည်း တောအုပ်လေးအတွင်းတွင် အလင်းရောင်တို့ ဖြာကျနေသဖြင့် ပတ်ဝန်းကျင်ကိုသဲသဲကွဲကွဲမြင်နေရ၏။ လုံးပတ်ကြီးမားလှသော သစ်ပင်ကြီးများသည် တစ်ပင်နှင့်တစ်ပင် နွယ်ကြိုးတန်းများဖြင့် ယှက်နွယ်လျက်ရှိသည်။ အမျိုးအမည် မသိရသော ထိုအပင်ကြီးများ၏ ဘေး



ကစ်ဖက်တစ်ချက်တွင်လည်း ကပ်လျက် ပေါက်ရောက်နေသော သစ်ဂင်ငယ်များကလည်း အစီအရီ။ ပုပ္ပသေးသေး ချုံပုတ်ငယ်ကလေးများကလည်း ဟိုတစ်မှု သည်တစ်စုနှင့် ရှိနေ၏။ ရွက်ဝါကြွေများ ပြန့်ကျဲလျက် ရှိနေသော မြေပြင်သည် နီဝါရောင်တစ်မျိုးဖြင့် လှပနေသည်ဟု ထင်သည်။ မဟုတ်ပါဘူး။ မြေသားရောင်ကိုက အညိုရောင်ဖြစ်နေတာပဲ။ ဒါကြောင့် အပြင်မှ လှမ်းကြည့်နေစဉ်တုန်းက ဒီကျွန်းကို အညိုရောင်ကျွန်းကြီးတစ်ကျွန်းအဖြစ် မြင်တွေ့ခဲ့ရခြင်းမှာ ကျွန်း၏ ထူးခြားသော မြေသားရောင်ကြောင့်ဟု နားလည်လိုက်မိသည်။ ဘေးဘီဝဲယာ လှည့်ပတ်ကြည့်ရှုရင်း စိတ်အာရုံထဲ ဝင်ရောက်လာသော အတွေးတစ်ခုကြောင့် သူမ နှုတ်ဖျားတို့မှ စကားစုတစ်စု ခုန်ထွက်လွင့်ကျသွားသည်။

"သားရေ … သား ဘယ်မှာလဲဟင်၊ အမေရောက်လာပြီလေ၊ သားလေး ဘယ်နားမှာလဲ၊ သားရေ … အမေခေါ်နေတယ်လေ၊ သားရေ … လူလေး"

www.burmeseclassic.com

www.burmeseclassic.com



အသံတွေ ပွဲတင်ထပ်ကာ အဝေးဆီသို့ ပျံ့လွင့်သွား၏။ စိုးရိမ်ပူပန်စိတ်ကြောင့် ခေါင်းကလေးငုံ့ကာ ယမ်းကာ ချာချာလည် ကြည့်မိသည်။ ဘယ်နေရာက များ သား ရုတ်တရက် ထွက်လာလေမလဲပေါ့။ အသံတွေ တောတောင်အနှံ့ ဝေး၍ဝေး၍ သွားပြီးနောက် ပြန်လည် တိတ်ဆိတ်သွား၏။ သစ်ရွက်သစ်ခက်တို့၏ ပွတ်ခတ်ကြွေကျသံ၊ ကျေးငှက်တို့၏ အော်မြည်သံတွေ တစိုးတစိတောင် မကြားရလောက်အောင် အသံတွေ ပကတိ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ လျှောက်နေရာမှ ခြေလှမ်းတို့ ရပ်တန့်လိုက်၏။ ထို့နောက် သူမအားယူ၍ နှုတ်ခမ်းကို ပြန်လည်ဖွင့်ဟလိုက်သည်။ အသံတစ်ခု ရူးရူးရှရှ လိုက်တက်လာတော့၏။

"သားရေ ... အမေ ခေါ်နေတယ်လေ၊ သား
ဘယ်မှာလဲ၊ အမေ့ကိုပြောပါဦး သားရေ"

အသံများ ပြန်လည်ဟိန်းတက်လျက် တောတောင်ဝန်းကျင်အနှံ့ ရိုက်ခတ်သွားပြန်သည်။ ခေါ်သံနှင့်အတူ မျက်လုံးများကလည်း ဝေ့ဝဲရှာမိသည်။ တအောင့်



ကြာတော့ အသံများ ပြန်လည်တိတ်ဆိတ်ငြိမ်သက်သွား၏။ ရုတ်တရက် လေပြင်းတစ်ချက် ဝှေ့ခနဲ တိုက်ခတ်လာသည်။ ဖြန်းခနဲ ထိတွေ့လိုက်ရသော လေရှိန်ကြောင့် သူမကိုယ်ပေါ်မှ ခြုံပဝါစလေး လွင့်ယမ်းကာ မြေပေါ်သို့ လျှောကျသွား၏။ ဆံထုံးဆီမှ ပြေလျော့ကျနေသော ဆံနွယ်စများသည် နားသယ်စပ်တွင် တလွင့်လွင့် ဖြစ်နေ၏။ အံ့သြသွားစိတ်ကြောင့် လျှောကျသွားသော ခြုံပဝါကိုပင် ပြန်မကောက်အားတော့ပဲ ရှေ့တူရူဆီသို့သာ စိုက်ကြည့်နေမိ၏။

ထိုခဏ၌ မြင်ကွင်းသည် ပြတ်သားထင်ရှားရာမှ တဖြည်းဖြည်း ဝေဝါးမှုန်သီလာသည်။ အခိုးငွေ့တန်းလို အဖြူရောင်ငွေ့များ သူမ ရပ်နေရာ ဝန်းကျင်တစ်ဝိုက် ဖုံးလွှမ်းသွားကာ တစစ မြူခိုးငွေ့များ တဖြည်းဖြည်း များပြားလာ၏။ ဘာကိုမှ မမြင်နိုင်လောက်အောင် မှုန်ဝါးသွားတော့သည်။ မျက်တောင်တစ်ချက်မှ မခတ်စေဘဲ အဖြူရောင်ငွေ့တွေထဲ စူးစိုက်ကြည့်နေမိရင်းမှ ပုံရိပ်များ ဝိုးတဝါး မြင်ကွင်းထဲ ပေါ်

www.burmeseclassic.com

www.burmeseclassic.com



လာ၏။ ဘာတွေလဲ။ ထိုပုံရိပ်များ သူမ၏ ရှေ့တည့်တည့်ဆီမှ ထင်ဟပ်လာခြင်းဖြစ်သည်။ တဒင်္ဂလေး အတွင်းမှာပင် အဖြူရောင်ငွေ့များသည် နေရောင်ထိသော နှင်းမှုန်များလို တဖြည်းဖြည်း ကျဲပါးပျယ်လွင့်ကုန်ပြီး ပုံရိပ်များသည်လည်း တစစ ပိုမိုထင်ရှားလာခဲ့သည်။ မျက်ဝန်းများကို အားစိုက်ကြည့်မိကာ သူမရင်အစုံသည် တဒိတ်ဒိတ် အခုန်မြန်လျက်ရှိနေတာကိုလည်း သတိထားလိုက်မိသည်။

အို … လူသဏ္ဍာန်အရိပ်တွေပဲ။ တစ်ခု၊ နှစ်ခု၊ သုံးခု၊ လေးခု၊ ငါးခုတိတိတောင်မှ လူငါးယောက်ရပ်နေသလို အရိပ်သဏ္ဍာန်များကို ဝိုးတဝါး မြင်နေရ၏။ သေသေချာချာ မြင်ရစေရန် မျက်လုံးများကိုလည်း ပြူးကာ ကြည့်နေမိသည်။ မြူခိုးငွေ့များသည် လုံးဝကင်းစင်ပပျောက်သွားကာ မြင်လိုက်ရသော မြင်ကွင်းကြောင့် သူမရင်ထဲ လှိုက်ခနဲ ဆို့တက်လာတော့၏။ ရင်တွင်းမှ ဆို့နစ်သော အစိုင်အခဲသည် နှလုံးသားတစ်လျှောက်မှ ထိုးထွက်လာခဲ့ပြီးနောက် လည်ချောင်း

BURMESE CLASSIC .com



မှတစ်ဆင့် နှုတ်ခမ်းတွေဆီမှ လွင့်ထွက်လာခဲ့၏။

"သား"

ဟုတ်ပါသည်။ သားမှ သားအစစ်ပဲ။ ချောမောခန့်ညားလွန်းသော သားမျက်နှာသွင်ပြင်သည် ကြေကြေကွဲကွဲ ခံစားနေရဟန်ဖြင့် သူမကို ရီဝေဖျော့တော့စွာ ကြည့်နေ၏။ သား၏ ညာဘက်လက်ဝယ်တွင် စောင်းကောက်လေးတစ်ခုကို ပိုက်ကာထား၏။ အရောင်တဝင်းဝင်း လက်နေသော အဝတ်အစားများကို ဝတ်ဆင်ထားသော သားသည် ခါတိုင်းထက် ပို၍ထူးခြားခန့်ညားနေသည်ဟု ထင်မိသည်။ ဖြူနုဝင်းမွတ်နေသော သားမျက်နှာလေးသည် သောကရိပ်ကြောင့် နီရွှေးရွှေးလေး ဖြစ်လို့နေ၏။ နှုတ်ခမ်းတို့သည် စေ့ကာထားသော်လည်း မျက်ဝန်းတို့မှ စကားလုံးများသည် သူမနှလုံးသားသို့တိုင်အောင် ရိုက်ခတ်လာသလို။

"သားရယ် … အမေ မယုံပါရစေနဲ့၊ သား
အဲဒီလိုမဖြစ်ရဘူးလေ၊ အမေ ဘယ်လိုယုံရမှာ
လဲကွယ်၊ ဟင့်အင်း … အဲလိုမဖြစ်ရဘူး၊

www.burmeseclassic.com

www.burmeseclassic.com



အမေ မယုံဘူး”

ငြင်းဆန်မှုစကားလုံးတို့ သူမရင်ထဲ ရိုက်ခတ်လာကာ ခေါင်းကို တအားရမ်းမိ၏။ မျက်ဝန်းအိမ်မှ မျက်ရည်များ ဝဲခနဲ လွင့်စင်ကျသွားသည်။ မျက်ဝန်းထောင့်စွန်းစီမှ မြင်ရသော အရာတွေကြောင့် သားကို ကြည့်နေရာမှ မျက်ဝန်းလွှဲဖယ်ကြည့်လိုက်မိသည်။

“အို”

သားဘေးမှာ ရပ်လျက်ရှိနေကြသော ပုံရိပ်များ။ မိန်းမလှလေးတွေ။ မိန်းမလှလေးတွေ လေးယောက်တောင်မှ။ ဖျတ်ခနဲကြည့်မိရုံဖြင့် လှသည်ဟု ဆိုရမည့် မိန်းမချောလေးများ။ အလုံးအရပ်မှာလည်း မတိမ်းမယိမ်း။ ဝင်းလဲ့စိမ်းမြသော အသားအရေ၊ ဆင်ဆင်တူသော မျက်နှာလှလှလေးများ၊ တစ်ယောက်တစ်မျိုးစီ ခွဲမက်စရာကောင်းလှသည်။ ရှည်လျားနက်မှောင်သော ဆံနွယ်ရှည်များကို နဖူးစပ်တွင် ရွှေရောင်အပတ်တစ်ခုဖြင့် ပတ်စည်းကာ ဖြန့်ချထားသည်။ ရွှေရောင်တလက်လက် တောက်ပြောင်နေသော အဝတ်အစားများမှာ



ထင်ရှားပေါ်လွင်နေ၏။ သူကလေး လေးယောက်သည် သားကို အလယ်မှာထား၍ နောက်နားဆီမှ တစ်ဖက်တစ်ချက်စီတွင် နှစ်ယောက်စီ ယှဉ်တွဲကာ ရပ်လျက် သူမကို ပြန်လည်ငေးမောကြည့်ရှုနေကြသည်။ နတ်မိမယ်တမျှ ချောမောလှန်းရက်သူ ထိုမိန်းကလေးများ၏ အလှတွင် သူမ တဒင်္ဂ မှင်သက်ငေးမောမိသွားတော့၏။

“သူတို့တွေ သားနဲ့ ဘာလို့အတူရှိနေရတာလဲ”

ဟူသော အတွေးတို့ကြောင့် သူမ နားမလည်နိုင်စွာ သားကို ပြန်လည်လှည့်ကြည့်မိတော့ သူမ မျက်ဝန်းက စကားတို့ကို သားက နားလည်နေသည့်အလား သားမျက်လုံးတို့ ဖျတ်ခနဲ အုံ့မှိုင်းရီဝေသွား၏။ နှုတ်ခမ်းတို့သည် တလှုပ်လှုပ်နှင့် တစ်ခုခုပြောမထွက်ဟန် တစ်,ဆို့နေပုံရသည်။ မျက်ဝန်း၌ တလက်လက်ဖြစ်နေသော အရာသည် မျက်ရည်တွေလား။ အို ... သားငိုနေတာလား။ ဟင့်အင်း ... သား မငိုရဘူး။

www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်မကျရဘူး သားရယ်။ သားလေးရယ် … အမေ့ရင်ထဲ မကောင်းလိုက်တာကွယ်။

ကြေကွဲဝမ်းနည်းမှုကြောင့် သူမမျက်ဝန်းထဲ အိုင်ထွန်းလျှံလာသော မျက်ရည်ဘို့သည် တားမရ ဆီးမရ အရှိန်အဟုန်ပြင်းစွာ တပေါက်ပေါက် ကြွေကျနေ၏။ သူမ တစ်စုံတစ်ရာကို နားလည်လိုက်ခြင်းဖြင့် မျက်ရည်တို့သည် ပို၍ပို၍ အိုင်ထွန်းလာ၏။ ထို့နောက် မြင်ကွင်းတစ်ခုလုံး မျက်ရည်များဖြင့် ဖုံးလွှမ်းသွားရလေတော့သည်။

ထို့နောက်တွင် အိပ်မက်သည် နောက်ထပ်တစ်ဆင့်သို့ ကူးပြောင်းရောက်ရှိသွားလေတော့သည်။

သူမအိမ်ရှေ့ မြေကွက်လပ်ကလေးတွင် စင်ကလေးတစ်ခု ရှိနေသည်။ ထိုစင်ကလေးပေါ်တွင် ကောက်ညှင်းပေါင်းထည့်ထားသော ပန်းကန်လေးရယ်၊ ငှက်ပျောသီး၊ အုန်းသီး၊ ထန်းလျက်၊ လက်ဖက်၊ ကွမ်းယာ စသည်တို့ကို တင်ကာထား၏။ ထိုစင်လေးပေါ်ရှိ အစားအစာများကို ကြည့်ရင်း မျက်ရည်များ၊ သူမ



မျက်ရည်များ ရစ်ဝဲလာခဲ့သည်။ ဒီအစားအစာတွေက သား ကြိုက်တဲ့ အစားအစာတွေပဲ။ သူမ ထိုအရာတွေကို စင်ကလေးပေါ်တင်ကာ သားကို မျှော်နေမိသည်။ ဒါ သားအတွက် ပြင်ဆင်ထားတာ။ သားကို ကျွေးချင်လွန်းလို့ ပြင်ဆင်ထားခဲ့တာလေ။ စင်ကလေးပေါ်တွင် ဆီမီးတိုင် တစ်တိုင် ထွန်းညှိလိုက်သည်။ ညအလင်းရောင်သည် မှုန်ပျပျလက်ကျန်သာ ရှိတော့သည်။ မကြာမီ ရောင်နီပျို့လာတော့မည်။ ခပ်ဝါးဝါးသဏ္ဍာန်သာ မြင်ရသော မြင်ကွင်းတချို့ ဆီမီးရောင်အောက်တွင် ထင်ထင်လင်းလင်း တောက်ပလာသည်။ အိမ်ရှေ့ဘက် ခပ်လှမ်းလှမ်းဆီမှ ချောင်းရိုးကလေးပေါ်သို့ ဆီမီးရောင်သည် ဖြာကျသွားသည်။ သူမ၏ ရှိုက်သံသဲ့သဲ့မှ လွဲ၍ အသံတွေအားလုံး တိတ်ဆိတ်နေ၏။ သူမ နှုတ်ခမ်းတို့ တလှုပ်လှုပ်နှင့် တစ်စုံတစ်ရာကို ခပ်တိုးတိုး ရွတ်ဆိုနေမိသည်။ တအောင့်လောက်ကြာသောအခါ လေပြင်းသည် ရုတ်တရက် ဟုတ်ခနဲ ရိုက်ခတ်လာတော့၏။ သူမ ဆီမီးမငြိမ်းအောင် အမြန်ကာကွယ်လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



တိုက်ခတ်လာသော လေအဟုန်နှင့်အတူ အသံတစ်ခု ဝဲလွင့်လာနေသလို တိုးတိုးညှင်းညှင်း ကြားနေရသည်။ ရှေ့ချောင်းရိုးလေးဆီမှ ရေပြင်သည် သိမ့်ခနဲ လှုပ်ခတ်သွားသည်။ အဝေးဆီမှ တစ်ခုခုစီးဆင်းလာသလိုမျိုး ရေပြင်သည် လှုပ်လှုပ်ခတ်ခတ် ရှိနေသည်။ ချောင်းရိုးလေး အထက်ဘက်ကို မျှော်ကြည့်မိလိုက်သည်။ မှုန်ဝါးဝါးသဏ္ဍာန်တစ်ခု ချောင်းရိုးလေးအတိုင်း တရွေ့ရွေ့ စီးဆင်းလာနေတာကို တွေ့လိုက်ရသည်။ ကြည့်နေရင်းမှ ထိုအရာသည် တစ်စတစ်စ ပို၍ပီပြင်လာခဲ့ပြီး အသံသည်လည်း ပီပီသသ ကြားလာခဲ့တော့သည်။ သာယာညင်းပျောင်းသော အသံလေး။ အို ... ဒါ စောင်းသံပဲ။ ဟုတ်တယ် ... စောင်းသံပဲ ဖြစ်ရမယ်။ တရွေ့ရွေ့ စီးဆင်းလာနေသော အရာသည် လှေတစ်ယောက် မတ်တပ်ရပ်နေလျက်က တစ်စုံတစ်ရာကို စီးလာနေသည်။ ထိုလှေ စီးလာသောအရာမှာ ဘာပါလိမ့်။ လှေလား။ လှေဆို လှော်တဲ့သူ မရှိဘဲ ဘယ်လိုရွေ့လျားလာပါလိမ့်။ ကြည့်ရင်းမှ ထိုအရာသည် ပြာလဲ့ထွက်နေသော မီး



ရောင်အောက်၌ တစ်စွန်းတစ်စ မြင်လိုက်ရသည်။ ထိုမြင်ကွင်းကြောင့် သူမ အံ့အားတသင့် အထိတ်တလန့် ရေရွတ်မိတော့သည်။

"အို ... မိချောင်းကြီးဘစ်ကောင်ပဲ"

မိချောင်းကြီးကို စီးလာနေသော ထိုလူသည် လက်တွင် စောင်းကိုပိုက်ကာ တီးလာရင်း သူမရှိရာသို့ ဦးတည်လာနေသည်။ ချောင်းရိုးထဲ ဖြာကျနေသော မီးရောင်အောက်တည့်တည့်သို့ ထိုသူ ရောက်ရှိလာပေပြီ။ ထို့နောက် ရွေ့လျားခြင်းကို ရပ်တန့်လိုက်ကာ သူမကို တဖြည်းဖြည်း လှည့်ကြည့်လာသည်။

"သား ... သားပါလား"

သားသည် ကြေကွဲမှုထင်းသော မျက်ဝန်းများဖြင့် ကြည့်ကာ သူမရှိရာသို့ လျှောက်လာနေသည်။ သူမ ပြင်ဆင်ထားသော စင်ကလေးရှေ့တွင် ရပ်လိုက်ရင်း စင်လေးပေါ်မှ အစားအစာများကို ငေးကြည့်လိုက်ပြီးမှ သူမကို ဆွေးဆွေးမြေ့မြေ့လေး ပြန်ကြည့်မှသည်။ သူမက စင်ပေါ်မှ သားကြိုက်အစားအစာတွေ

www.burmeseclassic.com

www.burmeseclassic.com



ယူလိုက်ကာ သားကို ကျွေးလိုက်သည်။ သားသည် သူမကျွေးသမျှကို စားသည်။ ပြီးနောက် စကားတစ်ခွန်းမျှ မဆိုဘဲ ရီဝေဖျော့တော့သော မျက်ဝန်းများဖြင့် ကြည့်ကာ ကျောခိုင်းသွားတော့သည်။ ထို့နောက် မိချောင်းကြီးကို စီး၍ လာရာလမ်းအတိုင်း ပြန်လှည့်သွားလေတော့သည်။ သူမ ဆို့နစ်ကြေကွဲစွာ သားကို လှမ်းခေါ်လိုက်သည်။ သို့သော် အော်သံတို့ လည်ချောင်းတွင်းမှ တစ်ဆို့နေကာ အပြင်ကို ထွက်မလာ။ ထိုခဏ၌ အနောက်ဘက်ဆီမှ ဖျတ်ခနဲ လင်းလက်သွားသောအရာကြောင့် သူမအိမ်ကလေးကို လှည့်ကြည့်မိသည်။

"အို ... အိမ်ထဲမှာ ရွှေရောင်ငွေရောင်တွေ လင်းလက်လို့ နေပါလား"

အံ့သြသွားစိတ်၊ ဝမ်းနည်းသွားစိတ်တို့ တပြိုင်တည်း ခံစားလိုက်ရကာ သူမ ရူးရူးရှရှ အော်လိုက်မိတော့သည်။

"သား"

* * *



အခန်း(၂)

"သား"

ဝမ်းပန်းတနည်း အော်လိုက်သံကြီးနှင့်အတူ ဒေါ်ဖြူ အိပ်ရာမှ လန့်နိုးလာခဲ့သည်။ တစ်ကိုယ်လုံး ချွေးစေးတွေ ရွှဲနစ်လျက်။ နားထင်စပ်မှ စိုစွတ်သော အထိအတွေ့ကြောင့် သူမ လက်ခုံနှင့် ပွတ်သပ် စမ်းကြည့်မိသည်။ "အို ... မျက်ရည်စီးကြောင်းပါလား၊ ဒါဆို သူမ အပြင်မှာလည်း တကယ်ငိုနေခဲ့တာပေါ့၊ အိပ်မက်ထဲမှာ သည်းသည်းထန်ထန် ငိုကြွေး နေမိခဲ့တာကို သတိရလိုက်မိသည်၊ ကြည့်စမ်း ဒါအိပ်မက်တစ်ခုပဲ၊ တော်သေးတာပေါ့၊ အိပ်မက်ဖြစ်နေလို့၊ အိပ်မက်ထဲမှ ကြေကွဲနာကျင်မှုသည် သူမရင်ထဲ အခုထိဆို့ဆို့နင့်နင့်

www.burmeseclassic.com

www.burmeseclassic.com



ကြီး ခံစားနေရသေးသည်။ အို … ဘုရား ဘုရား။ ဘယ်လိုအိပ်မက်ကြီးပါလိမ့်"

သူမအတွေးတို့ မဆုံးခင်မှာ တဒုန်းဒုန်း တဒိုင်းဒိုင်းအသံများနှင့်အတူ အခန်းထဲ စိုးရိမ်တကြီး ပြေးဝင်လာသော သားကို တွေ့လိုက်ရသည်။

"အမေ … ဘာဖြစ်လို့လဲဟင်၊ အမေ ဘာဖြစ်လို့လဲ၊ အမေအသံအကျယ်ကြီးနဲ့ အော်လိုက်တာလေ၊ ဘာဖြစ်လို့လဲဟင်"

စိုးရိမ်သံစွက်လျက် အလောတကြီး မေးနေသော သားမျက်နှာကို ကြည့်ရင်း သူမရင်ထဲ ပူလောင်လာရသည်။ သားသည် သူမကို စိုးရိမ်ပူပန်စွာ ကြည့်နေရင်း သူမအဖြေကို ငံ့လင့်နေသည်။ သက်ပြင်းတစ်ချက် ဆောင့်ခနဲချလိုက်မိကာ တစ်ခွန်းချင်း ပြန်လည် ပြောမိတော့သည်။

"အမေ အိပ်မက်မက်ပြီး ယောင်အော်နေတာပါ သားရယ်"

"အမေရယ် … သားဖြင့် လန့်သွားတာပဲ၊



ဘာများဖြစ်တာလဲလို့ စိတ်ပူသွားရတာ၊ အမေ ဘာအိပ်မက်ဆိုးတွေမက်ပြီး ယောင်အော်ရတာလဲဟင်"

သားမျက်နှာကို ဖျော့တော့ရီဝေစွာ ကြည့်လိုက်ရင်း တုန်တုန်လှုပ်လှုပ်လေး ပြောမိ၏။

"အမေ အိပ်မက် မကောင်းဘူးသားရယ်၊ အိပ်မက်ထဲမှာလေ သားကို အမေက လိုက်ရှာနေတာ ကျွန်းကြီးတစ်ကျွန်းပေါ်မှာပေါ့"

"ကျွန်းကြီးတစ်ကျွန်း ဟုတ်လားအမေ"

"ဟုတ်တယ်၊ ကျွန်းကြီးတစ်ကျွန်း … အမေ မှတ်မိတယ်၊ အဲဒီကျွန်းပေါ်မှာလေ အမေက သားကို လိုက်ရှာနေတာ နေရာအနှံ့ပဲ၊ လုံးဝ မတွေ့ဘူးသားရယ်၊ ရှာရင်းရှာရင်းနဲ့ ခဏနေတော့ မြူခိုးတွေ အငွေ့တွေဆိုင်းပြီး သားကို အမေတွေ့လိုက်ရတယ်၊ ဒါပေမဲ့ သားက…"

စကားကို တစ်ဝက်တစ်ပျက် ရပ်ကာ ဝမ်းနည်းလာဟန်ဖြင့် အသံတို့ တိုးတိတ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



“ဘာဖြစ်လို့လဲ အမေ ... သားက ဘာဖြစ်နေလို့လဲဟင်”

သားက စိတ်ဝင်တစား သိချင်ဟန်ဖြင့် မေးနေသဖြင့် သူမ အားယူ၍ စကားကို ပြန်ဆက်သည်။

“သားကလေ ... တောက်တောက်ပြောင်ပြောင် အဝတ်အစားတွေနဲ့ လက်တစ်ဖက်မှာလည်း စောင်းကလေးပိုက်လို့၊ ပြီးတော့ သားဘေးမှာ အရမ်းလှတဲ့ မိန်းမချောလေး လေးယောက်ကလည်း ရပ်နေကြပြီး အမေ့ကို ကြည့်နေကြတယ်”

“ဒါဆို သားက နတ်သားလေး ဖြစ်နေတာ ဖြစ်မှာပေါ့အမေရဲ့”

သားက သဘောကျသလို ပြုံးရယ်ကာ ပြော၏။ သူမမျက်လုံးတို့ သားမျက်နှာဆီမှ ဖယ်လိုက်ကာ ပြတင်းပေါက်မှ ဖြာကျနေသော အလင်းရောင်ကို ငေးကြည့်လိုက်ရင်း ...

“ဒါပေမဲ့ အမေ့စိတ်ထဲမှာ တစ်မျိုးကြီးပဲ သား



ရယ်၊ တစ်ခုခုကို ဝမ်းနည်းနေသလိုပဲ၊ ပြီးတော့ နောက်တစ်ခု ဆက်မက်သေးတယ်”

အမေရဲ့ မျက်နှာတည်ငြိမ်ပူဆွေးမှုကို ကြည့်ကာ သားက မျက်နှာကို တည်လိုက်ပြီး လေးလေးနက်နက် မေးလိုက်သည်။

“ဘာလဲဟင် ... နောက်တစ်ခုက ဘာကို မက်တာလဲ အမေ”

“နောက်တစ်ခုက သားကြိုက်တဲ့ ကောက်ညှင်းပေါင်းရယ်၊ ငှက်ပျောသီး ထန်းလျက်၊ အုန်းသီးလက်ဖက်တွေ၊ ကွမ်းယာတွေကို အမေက စင်ကလေးပေါ်တင်ပြီး သားကို ခေါ်ကျွေးတယ်တဲ့လေ၊ သားက ရေလမ်းအတိုင်း မိကျောင်းကြီးတစ်ကောင်ကို စီးလာတယ်၊ စောင်းကလေးကိုလည်း တီးလို့ပေါ့၊ ပြီးတော့ အမေ ကျွေးတဲ့အစားအစာတွေ စားတယ်တဲ့လေ၊ အမေလည်း ဝမ်းနည်းလွန်းလို့ ငိုနေတော့ သားကို အော်ခေါ်လိုက်တော့ အိပ်မက်က လန့်

www.burmeseclassic.com

www.burmeseclassic.com



နိုးသွားတာ၊ အမေ အပြင်မှာလည်း သားကို အော်ခေါ်နေမိတာထင်တယ်”

သားက စိတ်ဝင်တစား နားထောင်နေရင်းမှ -

“အမေ အိပ်မက်ကြီးကလည်း သားက ဘဝ ပြောင်းသွားတာ ကျနေတာပဲ”

ဟု ပြောသည်။

“အို … သားရယ်၊ နိမိတ်မရှိ နမာမရှိ မပြော ပါနဲ့၊ အမေ ရင်တွေထိတ်လိုက်တာကွယ်”

ဒေါ်ဖြူက စိုးရိမ်ပူပန်စွာ ပြောနေတော့ သား ဖြစ်သူက ဒေါ်ဖြူ လက်ကလေးတွေကို လှမ်းဆွဲလိုက် ပြီး -

“အမေရယ် … ဘာမှတွေးပူမနေပါနဲ့တော့၊ သား ဘယ်ဘဝရောက်ရောက် အမေ့ကို စောင့် ရှောက်နေမှာပါ အမေရယ်”

သားက လေးနက်စွာ ပြောတာ နှစ်သိမ့်သည်။

“ဩော် … သားလေးရယ်”

ရစ်ဝိုင်းနေသော မျက်ရည်စများကြားမှ သားကို



ကြည့်ရင်း တိုးတိတ်စွာ ရေရွတ်၏။

တစ်ဦးတည်းသော သားလေးမို့ ချစ်မဝလွန်းစွာ မျက်စိအောက်က အပျောက်မခံရက်။ ဖတာဆိုးလေးမို့ လည်း ပို၍အချစ်ပိုခဲ့ရသည်။ သားလေးမောင်ရှင်၏ ဖခင် ကိုဘထွားရှိစဉ်တုန်းကတော့ သူမတို့ မိသားစု လေးမှာ အေးအေးချမ်းချမ်း မပူပင် မကြောင့်မကျ နေလာခဲ့ရသည်။ မောင်ရှင်လေး၏ ဖခင် ရုတ်တရက် တိမ်းပါးသွားတော့ သူမလည်း မလုပ်တတ်၊ မကိုင်တတ် နှင့် စုဆောင်းထားသည့် စည်းစိမ်ဥစ္စာများကိုသာ ထုခွဲ ရောင်းချရင်း ဝမ်းရေးဖြေရှင်းခဲ့ရသည် မဟုတ်လား။ သားလေးမောင်ရှင်ကလည်း လိမ္မာလှသည်။ မိခင် အတွက် ရရာအလုပ်ကလေးလုပ်၍ ပြုစုလုပ်ကျွေးရှာ သည်။ သူမဘဝတွင် သားသည်သာ အားထားရာ တွယ် တာစရာပင် ဖြစ်သည်။ သားလေးကလည်း သူမကို အလွန်ပင် သိတတ်လွန်းသူ ဖြစ်သည်။ ခုကြည့်စမ်း‥ ပြောပုံလေးက ဘယ်ဘဝရောက်ရောက် အမေ့ကို စောင့် ရှောက်မှာပါတဲ့။ ဩော် … လိမ္မာလိုက်တဲ့ သားလေး

www.burmeseclassic.com

www.burmeseclassic.com



ရယ်၊ အမေ့ရင်ထဲ ကြည်ကြည်နူးနူး ခံစားမိပါတယ် ကွယ်။

"အမေ"

သား ခေါ်သံကြောင့် အတွေးတို့ ဖျတ်ခနဲ လန့်နိုးလာသည်။

"ဘာလဲ သားရဲ့"

"အမေ့ကို သား ပြောစရာရှိလို့"

"ပြောလေ ... ဘာများလဲ"

သားမျက်နှာကို ကြည့်ရင်း ပြောရန် မေးဆတ် ပြလိုက်သည်။ ထူထဲနက်မှောင်သော မျက်ခုံးအောက်မှ ရွန်းလဲ့သော မျက်ဝန်းအစုံသည် တစ်ခုခုပြောရခက်ဟန် ဖြင့် မျက်လွှာချလိုက်ကာ စဉ်းစားနေပုံရသည်။ ဖြူနု ဝင်းမွတ်သော အသားအရေပေါ်၌ စိမ်းစိမ်းထင်နေသော နှုတ်ခမ်းမွေး ရေးရေးလေးသည် ချောမောခန့်ညားလှန်း သော ယောကျ်ားတစ်ယောက်၏ ရင့်ကျက်တည်ငြိမ်မှု ကို ထင်ဟပ်နေ၏။ သြော် ... ငါ့သားက လူချောလေး ပဲဟု အမေ့စိတ်ထဲ တွေးမိကာ ဘယ်အချိန်ကြည့်ကြည့်



ကျက်သရေရှိလှန်းသော မျက်နှာလေးကို ငေးကြည့်နေ ရင်း ပြုံးလိုက်မိသည်။

"ဟို ... သားတို့ ဒီကပြောင်းရအောင်လား အမေရယ်"

သားက မဝံ့မရဲလေး ပြော၏။

"ဟင်"

သားရဲ့စကားကို အံ့သြလွန်းစွာ ရေရွတ်သံနှင့် မေးလိုက်၏။

"ဟုတ်တယ် အမေ၊ သားတို့ ဒီအရပ်က ပြောင်းကြရအောင်လို့ ... နော်"

အို ... သား တကယ်ပြောနေတာလား။ သူမ ရဲ့ ဇာတိ ဒီပဲခူးမြို့နယ် ကဇင်းရွာလေးမှ အခြားအရပ် သို့ ပြောင်းရွှေ့ဖို့ သားက တောင်းဆိုနေတာတဲ့လား။ ဘာကြောင့် သားက ဒီလိုပြောနေရတာလဲ။

"ဘာဖြစ်လို့လဲ သားရဲ့၊ ဒီသားရဲ့ ဇာတိ ဒီရွာ လေးမှာ နေရတာ မပျော်လို့လားဟင်"

အမေရဲ့အမေးကို သားက ခေါင်းကို ငြိမ်ငြိမ်

www.burmeseclassic.com

www.burmeseclassic.com



ညင်းစွာ ခါယမ်းလိုက်ရင်း ...

"မဟုတ်ပါဘူး အမေရယ်၊ မပျော်လို့ မဟုတ်ပါဘူး၊ အဖေ ဆုံးပြီးကတည်းက သားတို့မှာ စီးပွားရေးကျပ်တည်းလာခဲ့ရတာ မဟုတ်လား၊ ဒီရွာနေလို့ ဘာမှမတိုးတက်လာတော့လည်း တစ်ရွာမပြောင်း သူကောင်းမဖြစ်ဆိုတဲ့ စကားလိုပဲ သားလည်း တခြားရွာကို ပြောင်းချင်လာခဲ့ရတာပါ အမေ"

ဟုတ်တာပဲလေ။ သူမတို့ရဲ့ တဖြည်းဖြည်း ဆုတ်ယုတ်လာတဲ့ စီးပွားရေးအခြေအနေကြောင့် သားလေးက စိတ်ပူရှာမှာပဲလေ။ သူက ယောကျ်ားသား မဟုတ်လား။ အမေကို ပြည့်ပြည့်စုံစုံ ထားချင်ရှာမှာပေါ့။

"သားက ဘယ်လိုပြောင်းချင်လို့လဲ"

"ဒလဘက်ကိုလေ"

"ဒလမှာ အမေတို့ အသိကျွမ်းတွေ တစ်ယောက်မှ မရှိဘဲနဲ့ ဖြစ်ပါ့မလား သားရယ်၊ ရေစိမ်း မြေစိမ်း နေရာစိမ်းကို"



"ဒါကိုတော့ စိတ်မပူပါနဲ့ အမေရယ်၊ ရွာက ကိုကံလှတို့ မိသားစုလည်း အဲဒီ ဒလဘက်ကို ပြောင်းကြမလို့တဲ့ အမေရဲ့၊ သားတို့လည်း သူတို့ပြောင်းရင် တစ်ခါတည်း လိုက်သွားကြရအောင်လေ၊ ရွာက အဖော်ပါတော့ ကောင်းတာပေါ့၊ မဟုတ်ဘူးလား အမေရယ်"

"အင်း ... ဟုတ်ပါတယ်၊ ဒါနဲ့ ကံလှတို့က ဘာလို့ပြောင်းကြတာလဲ"

"ဒီလိုအမေရဲ့၊ ဒလမှာ ကိုကံလှတို့ ဘကြီး ရှိတယ်လေ၊ ဒလမှာ အလုပ်ကောင်းတယ်ဆိုပြီး အဲဒီဘကြီးက လှမ်းခေါ်လို့ သူတို့ တစ်မိသားစုလုံး ပြောင်းကြတာပေါ့၊ အဲဒါ ကိုကံလှက ကျွန်တော့်ကို ပြောပြရင်းနဲ့ မင်းတို့ သားအမိ ငါတို့နဲ့အတူ လိုက်ပြောင်းကြပါလားလို့ ပြောလို့ သားက အမေ့ကို တိုင်ပင်လိုက်ဦးမယ်လို့ ပြောခဲ့ရတာယ်"

www.burmeseclassic.com

www.burmeseclassic.com



အမေက ခေါင်းတဆတ်ဆတ်ညိတ်ကာ နား
ထောင်သည်။

"ဘာပဲဖြစ်ဖြစ် အမေရာ၊ သားတော့ စွန့်စား
ချင်တယ်၊ ဒလကို ပြောင်းကြရအောင်နော်
အမေ"

သားက သူ့မဆန္ဒကို တောင်းဆိုနေပြီ။
အေးလေ ... ဒီမှာနေလို့လည်း အကြောင်းမှမထူးတာ။
တစ်နယ်တစ်ကျေးမှာတော့ သူမတို့ သားအမိ အခြေ
အနေ တစ်မျိုးတစ်ဖုံဖြစ်လာမည့်အရေးကိုတော့ မျှော်
လင့်မိသား။ သားလေးကလည်း စိတ်ဆန္ဒ အလွန်ထက်
သန်နေတာဆိုတော့ ...

"အင်းလေ ... သား သဘောပါပဲ၊ သား
ကောင်းသလိုသာ စီစဉ်လိုက်ပါ"

အမေက ကျေကျေနပ်နပ်ကြီး ခွင့်ပြုသဖြင့်
မောင်ရှင် ဝမ်းသာသွားသည်။ ဒီအရွယ်အထိ တစ်သက်
လုံး နေထိုင်လာခဲ့သော မိမိဇာတိ ကဇင်းရွာလေးကို
ခွဲခွာရမှာ တွေးမိတော့ ပြန်လည်ဝမ်းနည်းသွားမိသည်။



"အင်း ... ဒါပေမဲ့ ငါ အမေ့ကို ကောင်း
ကောင်းမွန်မွန်ထားချင်တယ်၊ အမေ ဆင်းဆင်း
ရဲရဲနေရတာကို ငါ မကြည့်ရက်ဘူး"

ဒလမှာ တော့ သူ့အတွက် အပြောင်းအလဲလေး
တစ်ခုခုများ ဖြစ်မလားဟု မျှော်လင့်ထားမိသည်။
သူငယ်ချင်းကံလှကလည်း သူတို့သားအမိကို သနားလို့
သူနဲ့အတူ လိုက်ခဲ့ဖို့ခေါ်သည်။ ဟိုရောက်ရင်လည်း သူ့
ဘကြီးပြောသောအလုပ်ကိုလည်း သွင်းပေးဦးမည်။ သူ့
အတွက်တော့ အရာရာ အဆင်ပြေလောက်ပါရဲ့။ အမေ့
ရဲ့ လက်ကျန်ရွှေတိုရွှေစလေးတွေကို ထုခွဲရောင်းချပြီး
အိမ်လေးတစ်လုံးလောက်တော့ ဝယ်ရမယ်။ ဪ ဒါနဲ့
ကိုကံလှတို့ ဘယ်တော့ ပြောင်းကြမှာလဲ မသိဘူး။

"ဟဲ့သား ... ဘာတွေ တွေးနေတာလဲ၊ ငူငူ
ကြီး ထိုင်လို့"

**အမေက မျက်နှာသစ်ပြီး၍** အခန်းထဲ ပြန်လှမ်း
ဝင်လာရင်း မေးမှ သတိပြန်ရတော့သည်။

"ဪ ... ဘာရယ်မဟုတ်ပါဘူး အမေ၊

www.burmeseclassic.com

www.burmeseclassic.com



အတွေးလွန်သွားလို့ ... ဟင်း ဟင်း"

မောင်ရှင်က အရှက်ပြေ ရယ်လိုက်၏။ အမေက ခေါင်းတဆတ်ဆတ်ညိတ်ကာ နားလည်သလို ပြုံးကြည့်သည်။

"အမေ ... အမေစားဖို့ သား ကောက်ညှင်းပေါင်းနဲ့ ငါးခြောက်ဖုတ်ထားတယ်၊ အမေ စားလိုက်ဦး၊ ထမင်းတွေ ဟင်းတွေလည်း ချက်ပြီးသွားပြီနော် အမေ၊ သား ကိုကံလှဆီ ခဏသွားလိုက်ဦးမယ်၊ ဘယ်တော့ ပြောင်းမှာလဲလို့ သွားမေးမလို့၊ ဪ ... အမေ စားပြီးရင် ဘာမှ လုပ်မထားနဲ့နော်၊ သား ပြန်လာမှ လုပ်မယ်၊ အမေ ဘုရားပဲ ဝတ်ပြု၊ အိမ်အလုပ်တွေ လျှောက်မလုပ်နဲ့နော်၊ အမေပင်ပန်းမှာစိုးလို့ ပြောတာနော်"

ပါးစပ်တတွတ်တွတ် လှမ်းမှာသတိပေးနေသော သားကိုကြည့်ရင်း ပြုံးလိုက်မိကာ -

"အေးပါ သားရယ်၊ သား မှာထားတဲ့အတိုင်း



အမေ ဘာမှမလုပ်ပါဘူးကွယ်၊ သားဖာသာ ဖြောင့်ဖြောင့်သွားပါကွယ်၊ ဘာမှ နောက်ဆံမတင်းနဲ့"

"ဒါဆိုရင် သားသွားပြီနော် အမေ"

သားကို ခေါင်းညိတ်ပြရင်း ပြုံးကြည့်နေမိသည်။ လိမ္မာသိတတ်လွန်းတဲ့ သားလေးကြံ့ခိုင်သမျှ အောင်၍ ဆောင်တိုင်းမြောက်ပါစေလို့ ခေါ်ဖြူ တိုးတိုးလေး ဆုတောင်းမိလိုက်ပါတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

မိမိတို့ဇာတိ ပဲခူးကိုစွန့်ကာ ဒလသို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်မှာ ခြောက်လလောက် ကြာမြင့်ခဲ့ပြီ ဖြစ်သည်။ အိမ်ကလေးတစ်လုံးကိုလည်း ခြစ်ကုပ်စုထားသည့် ရွှေတိုရွှေစလေးများ ရောင်းချကာ ဝယ်ယူခဲ့သည်။ သားလေး မောင်ရှင်ကတော့ ကံလှတို့နှင့်အတူ သစ်အတုံးခုတ်၍ လုပ်ကျွေးရှာသည်။ အချိန်တွေ တရွေ့ရွေ့ ကုန်ဆုံးလာသည်အမျှ ဒလတွင် နေသားထိုင်သား ကျလာခဲ့၏။ သူမတို့ သားအမိသည်လည်း ဒလမြို့လေးတွင် နေထိုင်လာခဲ့ရာ တဖြည်းဖြည်း ပျော်မွေ့လာခဲ့မိတော့သည်။ ဒီလိုနဲ့ တစ်နေ့တွင်တော့ ...

"သားရယ် ... သားပင်ပန်းနေတာကို အမေ



တော့ မကြည့်ရက်တော့ဘူးကွယ်"

သစ်ခုတ်ရာမှ မောမောပန်းပန်းပြန်လာကာ ထမင်း**အားရပါး**ရ စားနေရှာသော သားကိုကြည့်ရင်း အမေ မေးမိသည်။

"အမေကလည်း ... သား မပင်ပန်းပါဘူး၊ ဒီလောက်အလုပ်ကလေးက ပင်ပန်းတယ်လို့ မခေါ်ပါဘူး အမေရယ်၊ သား ယောကျ်ားပါ၊ လုပ်နိုင်ပါတယ်"

မောင်ရှင်က အမေ့စကားကို ပြန်လည်ဖြေရှင်းရင်း ဟင်းချိုပူပူလေးကို တဖူးဖူးမှုတ်ကာ သောက်လိုက်သည်။

"သားရယ် ... မပင်ပန်းဘူးဆိုတာသာ ပြောတာ၊ ငါ့သားမျက်နှာ ဖြူဖြူဖွေးဖွေးလေးက နေတွေလောင်ထားလိုက်တာ ညိုမည်းနေတာပဲကွယ်၊ လက်တွေကိုလည်း ကြည့်ပါဦး၊ နုနုနယ်နယ် လက်ကလေးတွေက ကြမ်းတမ်းကုန်လာလိုက်တာ၊ ညညကျရင် ကိုယ်လက်တွေ

www.burmeseclassic.com

www.burmeseclassic.com



ကိုက်လွန်းလို့ ညည်းညည်းနေတာ အမေ ကြားရတယ် သားရယ်''

အမေက စိတ်မကောင်းသံနှင့် ပြောနေသဖြင့် မောင်ရှင်က ပြုံးရယ်လိုက်ကာ -

''အမေရယ် ... သားက ယောကျ်ားပဲ၊ နေလောင်လို့ အသားမည်းတာ၊ သစ်ပင်တွေ ခုတ်ရလွန်းလို့ လက်တွေ ကြမ်းကုန်တာ မမှုပါဘူး၊ ညညကျရင် ညည်းညည်းနေတာ မဟုတ်ပါဘူး အမေရယ်၊ ခြင်တွေ ကြမ်းပိုးတွေ ကိုက်လို့ အော်မိနေတာပါ အမေရဲ့''

သားက အမေ စိတ်မကောင်းမှာစိုး၍ ဖြေပြောပြောနေတာကို သိတော့ ပိုလို့ပင် ဝမ်းနည်းသွားမိတော့သည်။ သား ထမင်းပန်းကန်ထဲ ဟင်းတစ်တုံး ခပ်ထည့်ပေးလိုက်တော့ -

''အမေပဲ စားပါ၊ သားက တော်ပြီ၊ ဝနေပြီ၊ အမေပဲ စားလိုက်၊ ရော့ ရော့''

အတင်းပဲ အမေ့ပန်းကန်ထဲ ဟင်းတုံးကို ပြန်



ခပ်ထည့်ပေးကာ စားခိုင်းသည်။

''မဟုတ်တာဘဲ သားရယ်၊ အမေ့ပန်းကန်ထဲမှာလည်း ဟင်းတွေ ရှိနေတာပဲ၊ သားပဲ စားလိုက်ပါ၊ သားက ဘာမှတောင်မခပ်ဘဲ ဟင်းချိုနဲ့ပဲ စားနေတယ်၊ ရော့ ... သား စားလိုက်''

အမေစားပါ၊ သား စားပါနှင့် ဟင်းတုံးသည် ချာချာလည်နေသည်။ နောက်ဆုံး တစ်ယောက်တစ်ဝက် စားမည်ဟု သဘောတူလိုက်တော့မှ ဟင်းတုံးအဝေတည့်သွားတော့သည်။ ထမင်းစားပြီး တအောင့်ကြာတော့ အမေ ဘုရားရှိခိုးတာကို ဘေးမှ ယပ်ခတ်ပေးရင်း အမေ့ကိုပြောဖို့ စကားလုံးများကို စဉ်းစားနေမိသည်။

''ဟဲ့ ... သားလေး၊ ဘာတွေစဉ်းစားနေတာလဲ၊ အမေ ဘုရားရှိခိုးပြီးတာတောင် မသိရလောက်အောင် ဘာတွေ အတွေးလွန်နေရပြန်တာလဲကွဲ့''

အမေက ဘုရားရှိခိုးပြီး၍ ယပ်တောင်ကြီး ကိုင်

www.burmeseclassic.com

www.burmeseclassic.com



ကာ ငိုင်နေသော သူ့ကိုကြည့်၍ ပြောသည်။

"ဩော် … အင်း၊ အခုမ ပြီးသွားပြီလား၊ အမေ လာ … လာ၊ အိမ်ရှေ့ကွပ်ပျစ်ပေါ် သွားရအောင်၊ သား အမေ့ကို ပြောစရာရှိလို့ စောင့်နေတာ"

မောင်ရှင်က အမေ့ကို ဆွဲခေါ်လာပြီး ကွပ်ပျစ်ပေါ် ထိုင်စေ၏။ ပြီးမှ ခြေဆုပ်လက်နယ် ပြုကာ စကား စ,ရန် ပြင်သည်။

"ဘာလဲ သားရဲ့၊ အမေ့ကို ပြောမယ်ဆို ပြောလေ"

"ဟုတ်ကဲ့၊ ပြောပါ့မယ် အမေ၊ သား သစ်ခုတ်အဖွဲ့နဲ့အတူ သစ်ခုတ်လိုက်သွားချင်လို့ အမေ့ဆီမှာ ခွင့်တောင်းမလို့ပါ"

"ဟင် … ဘယ်ကို လိုက်သွားရမှာလဲ သားရဲ့"

"မိန်းမလှကျွန်းကိုပါ"

"မိန်းမလှကျွန်း ဟုတ်လား"



"ဟုတ်ကဲ့ အမေ"

ကျွန်း။ ကျွန်းကြီးတစ်ခု သူမ အိပ်မက်ကို ဖျတ်ခနဲ မြင်ယောင်လာမိသည်။ သူမ ကျွန်းကြီးတစ်ခုကို အိပ်မက် မက်ဖူးခဲ့တာပဲ။ စိုးရိမ်ထိတ်လန့်ခဲ့ရသော အိပ်မက်။ ပမ်းနည်းခံစားခဲ့ရသော အိပ်မက်။ ကျွန်းကြီး တစ်ကျွန်းပေါ်မှာ သူမ သားကို တစာစာအော်ကာ ရှာနေမိခဲ့တာ။ အခုလည်း ကျွန်းတစ်ခုကို သားက သွားမယ်တဲ့။

"အဲဒီကျွန်းက ဘယ်နားမှာရှိတာလဲ"

တုန်တုန်လှုပ်လှုပ်မေးမိသည်။

"ဖျာပုံခရိုင်ထဲမှာပါတဲ့ ဘိုကလေးမြို့နားမှာ ရှိတာတဲ့ အမေရဲ့"

"အို … အဝေးကြီးပဲ သားရယ်၊ နောက်ပြီး ကျွန်းကြီးတစ်ကျွန်းဆို အမေ့စိတ်ထဲ စိုးရိမ်နေသလိုပဲ"

အမေက သဘောမကျသလို ပြောနေသဖြင့် မောင်ရှင် ထိတ်ခနဲ ပူပန်သွားမိသည်။ သူ သစ်ခုတ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သွားချင်သည်။ ငွေအသပြာ ပိုရမှာ။ အိမ်ကလည်း ယိုယွင်းပျက်စီးလာပြီ။ မလုံ့တလုံ အိမ်အမိုးနှင့် ခြံစည်း ရိုးကိုလည်း တောင့်တောင့်တင်းတင်း ပြန်လည် ဆောက် ချင်သေးသည်။ ထို့အတွက် ငွေလိုသည်မဟုတ်လား။ ပြီးတော့ သူ ရှင်သာမဏေ မဝတ်ရသေးဘူးလေ။ ဒီ ဝါတွင်းတော့ ရှင်သာမဏေ ဝတ်မည်ဟု စိတ်ကူးထား မိကာ အလုပ်ကို ကြိုးကြိုးစားစား လုပ်ခဲ့သည်။ အခု ငွေအသပြာ ပိုရမည့် အခွင့်အရေးတစ်ခုမှို့ သူ လက် မလွှတ်ချင်ပါ။ အမေကတော့ ခရီးလမ်းဝေး၍ စိုးရိမ် ပူပန်နေပုံရသည်။ မတတ်နိုင်။ အမေ့ကို သေသေချာချာ နားဝင်အောင် ရှင်းပြရတော့မည်။

"အမေရယ် .. စိတ်မပူပါနဲ့၊ သားတို့ သစ်ခုတ်တစ်ဖွဲ့လုံးလည်း ပါတာပဲ၊ နောက်ပြီး ကံလှလည်း ပါတယ်လေ၊ သား သွားချင်ရ တာ သား အိမ်ကလေးကိုလည်း ပြန်ပြင် ဆောက်ချင်တယ် အမေ၊ ပြီးတော့ သား ရှင်သာမဏေ မဝတ်ရသေးဘူး မဟုတ်လား၊



အဲဒီအတွက် ငွေအသပြာ လိုတယ်လေ အမေ ရယ်၊ ဒါကြောင့်ပါ"

သားစကား ကြောင့် အမေ့ရင်ထဲ စိတ်မကောင်း ဖြစ်မိသွားသည်။ ဒါပေမဲ့ မဖြစ်ချေဘူး။ သား အန္တရာယ် ဖြစ်မယ့်အရေးကို ကာကွယ်ရမှာပဲ။

"သားရယ် ... မသွားပါနဲ့ကွယ်၊ အမေ စိတ် မချလို့ပါ"

"အမေကလည်း ခွင့်ပြုလိုက်ပါ၊ သားကိုယ် သား ဂရုစိုက်နိုင်ပါတယ်နော်"

"ဟင့်အင်း၊ သားတစ်ခုခုဖြစ်သွားမှာ အမေ စိုးရိမ်တယ်၊ သားလေးရယ် ... မသွားပါနဲ့ နော်"

"ခက်ပါလား အမေရယ်၊ သား ဘာမှမဖြစ် စေရပါဘူး၊ ဒီခရီးက သားအတွက် မျှော်လင့် ချက် ဖြစ်နေလို့ပါ အမေရယ်၊ ခွင့်ပြုလိုက် ပါ"

"ဪ ... သားရယ်၊ အမေ အိပ်မက်လည်း

www.burmeseclassic.com

www.burmeseclassic.com



သိပ်မကောင်းဘူးလေ၊ သား သိရက်သားနဲ့ သားလေးအန္တရာယ်ဖြစ်မှာ အမေ စိတ်ပူလွန်းလို့ပါကွယ်"

"အမေရယ် ... ဒီအိပ်မက်ကြီးကို ဘာလို့ စွဲလန်းနေရတာလဲ၊ အဓိပ္ပာယ်မရှိတာ အမေရယ်၊ သား ဘာမှမဖြစ်စေရပါဘူး သိလား၊ အမေ စိတ်ပူမနေနဲ့တော့နော်၊ သားကို သွားခွင့်ပြုမယ် မဟုတ်လားဟင်"

သားက အတင်းတောင်းဆိုနေပြီ။ ဒေါ်ဖြူ ဘာလုပ်ရမယ်ဆိုတာ မဆုံးဖြတ်နိုင်စွာနဲ့ ခေါင်းကို အသာယမ်းနေမိတော့သည်။ သားလေးက တော်တော် စိတ်အားထက်သန်နေတာပဲ။ ဟင်း ... အိပ်မက်က လည်း မကောင်းလှ။ ကျွန်းကြီးတစ်ကျွန်းပေါ်မှာ သားက ရောက်နေသည်။

"ဟော့ ... မောင်ရှင်တို့သားအမိ ဘာတွေ ငြင်းခုံနေကြတာလဲဟော့"

ခြံတံခါးတွန်းဖွင့်ကာ လှမ်းဝင်လာသော



ကိုကံလှတို့ကို လရောင်အောက်၌ တွေ့လိုက်ရသည်။ မောင်ရှင် ဝမ်းသာသွားမိသည်။ ကံလှကို အမေ့ကို ကူပြောခိုင်းရမည်။ အမေက ဘယ်လိုမှ ထည့်မည့်ပုံ မပေါ်ချေ။ ကံလှကို ပြောခိုင်းရင်တော့ -

"ဟာ ... ကံလှတို့ပါလား၊ လာလေကွာ၊ ထိုင်ကြ"

မောင်ရှင်ဟာ ကံလှနှင့် အဖော်ပါလာသူ ကံလှဘကြီးကိုပါ ပျာပျာသလဲ နေရာပေးရင်းက ပြောသည်။

"ဩော် ... ကံလှနဲ့ အစ်ကိုသာရင်တို့ ဘယ်ကနေ လှည့်လာကြတာတုန်း"

အမေက ကွမ်းအစ်,ကို လှမ်းပေးလိုက်ရင်း မေးသည်။

"ရွာတောင်ပိုင်းမှာ မနက် သစ်ခုတ်သွားရင် လိုက်မလို့ စာရင်းပေးပြီး ပြန်လာတာ၊ ကံလှ က မောင်ရှင်တို့အိမ် ဝင်ဦးမယ်ဆိုတာနဲ့ လှည့် ဝင်လာတာလေ ဒေါ်ဖြူရဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဘကြီးသာရင်ရဲ့ စကားဆုံးတော့ မောင်ရှင်က ကံလှဘက် လှည့်ကြည့်ကာ -

"ကံလှရေ … အမေက ငါ့ကို သစ်ခုတ်သွားဖို့ မထည့်ဘူးဖြစ်နေတယ်၊ မင်း ကူပြောပေးပါဦးကွာ"

"ဟုတ်လား ဒွေးလေးရဲ့၊ ဘာဖြစ်လို့လဲဟင်"

ကံလှက အမေ့ကို လှမ်းမေးသည်။ အမေက မျက်နှာတစ်ချက်ပျက်ကာ ကွမ်းအစ်ထဲမှ ကွမ်းသီးစိပ်ကို ကွမ်းညှပ်နှင့် ထောက်ခနဲ ညှပ်လိုက်ရင်း -

"ဒွေးလေးက သားကို စိတ်မချဘူးကွဲ့၊ သားတစ်ခုခုဖြစ်မှာ စိုးရိမ်လို့ပါကွယ်"

"ဩော် … ဒွေးလေးရယ်၊ စိုးရိမ်မနေပါနဲ့၊ ကျုပ်တို့လည်း ပါမှာပဲဟာ၊ မောင်ရှင်ကို ကျုပ်တို့လည်း စောင့်ရှောက်မှာပေါ့"

အမေက သက်ပြင်းကို ဟင်းခနဲချလိုက်၏။

"ဒွေးလေးစိတ်ထဲ ထင့်နေမိတယ်ကွယ်၊ သားလေး အန္တရာယ်တစ်ခုခုနဲ့ ကြုံမှာကိုလေ"



"ဩော် … ဒွေးလေးရယ်၊ စိတ်ချပါ၊ ဘာအန္တရာယ်မှ မဖြစ်စေရပါဘူး၊ ခရီးက အလွန်ဆုံး ကြာရင် တစ်ပတ်လောက်ပါပဲ၊ ရွာမြောက်ပိုင်းက စံခင်တို့ ညီအစ်ကိုတွေလည်း ပါကြမယ်၊ ပြီးတော့ ရွှေသိန်းရယ်၊ ဖိုးတုတ်ရယ်၊ ဦးကြီးဘဖေရယ်၊ အများကြီးပဲ ဒွေးလေးရဲ့၊ ရွာကလူတွေနဲ့ပဲဟာ ဘာစိတ်မချစရာရှိလဲ၊ နောက်ပြီး လှေသူကြီး ဖိုးမောင်လှက သဘောကောင်းပါတယ် ဒွေးလေးရဲ့၊ မောင်ရှင်ကို ထည့်လိုက်ပါနော် ဒွေးလေး"

ကံလှက ရှည်ရှည်ဝေးဝေးပြောကာ အမေ့ကို ခွင့်တောင်းနေသည်။

"ဟုတ်သားပဲ အမေရယ်၊ ရွာကလူတွေလည်း အများကြီးပါတာပဲ၊ သား လိုက်သွားချင်တယ် အမေနော်၊ သားလိုက်ပါရစေနော်"

သားက ဖွတ်အတင်းကို ပူဆာနေပြီ။ ဒေါ်ဖြူသည် သက်ပြင်းကို လေးလေးပင်ပင် ထပ်ချသည်။

www.burmeseclassic.com

www.burmeseclassic.com



သားမျက်နှာကို ငေးကြည့်မိ၏။ သား၏ မျက်လုံးလေးများမှာ သူမအဖြေကို ငံ့လင့်နေဟန် တဖျတ်ဖျတ်လက်ကာ တောက်ပနေသည်။ ဩော် … သားရယ်၊ အမေ ဘယ်လိုစိတ်ချရမလဲကွယ်။

"ဟုတ်ပါတယ် ဒေါ်ဖြူရယ်၊ မောင်ရှင်လေးကို ထည့်လိုက်ပါ၊ ဒီတစ်ခေါက် သစ်ခုတ်သွားမှာ ရက်နည်းနည်းရှည်တော့ ငွေပိုရမှာ၊ သူလည်း လိုက်ချင်ရှာမှာပေါ့၊ ဘာမှ စိုးရိမ်စရာတော့ မရှိပါဘူး၊ ထည့်လိုက်ပါကွယ်"

ဦးကြီးသာရင်ကပါ ဝင်ပြောလာတော့ အမေ ခေတ္တငိုင်သွားကာ အဝေးဆီသို့ မျှော်ကြည့်နေသည်။ ခဏနေတော့ အမေ့ဆီမှ သက်ပြင်းချသံသဲ့သဲ့ ထွက်လာ၏။

"အင်းလေ … သားက စိတ်အားထက်သန်နေမှတော့ အမေ မတားတော့ပါဘူးကွယ်"

အမေက အဝေးကို ငေးမောကြည့်ရှုနေရာမှ တိုးတိတ်စွာ ပြောသည်။



"အမေ တကယ်ပြောတာလားဟင်၊ သား တကယ်သွားရတော့မှာပေါ့၊ ဝမ်းသာလိုက်တာ အမေရယ်"

ပျော်ရွှင်ဝမ်းမြောက်သွားသော သားမျက်နှာကို ငေးမောရင်း ဒေါ်ဖြူ စိုးရိမ်မှုအတွေးတို့က ပြန်လည်ဝင်ရောက်လာသည်။ အမေတစ်ခု သားတစ်ခုဘဝမို့ တွယ်တာစရာသားလေး တစ်ခုခုဖြစ်သွားမှာ … အို ငါ ဘာတွေတွေးမိနေပါလိမ့်။ သားလေးဆန္ဒကို ငါ ခွင့်ပြုလိုက်ပြီပဲ။ သားလေးပျော်ပျော်ရွှင်ရွှင်သာ သွားပါစေတော့။ ငါ့ကြောင့် သားလေး စိတ်မကောင်းဖြစ်နေဦးမယ်။

"မောင်ကံလှ"

ကွမ်းယာနေသော ကံလှကို အမေက ခေါ်တော့ ကံလှက ဆတ်ခနဲ မော့ကြည့်ကာ ထူးသည်။

"ဗျာ … ဒွေးလေး"

"ငါ့သားလေးကို စောင့်ရှောက်ပါကွယ်၊ မင်းတို့ပါလို့သာ ထည့်လိုက်ရမှာ၊ ငါ့စိတ်ထဲ

www.burmeseclassic.com

www.burmeseclassic.com



တထင့်ထင့်ရယ်၊ သားနဲ့ငါက ခွဲဖူးတာလည်း မဟုတ်ဘူး၊ ခရီးက ရက်ရှည်ဆိုတော့ စိုးရိမ်မိတယ်ကွယ်"

"ဒွေးလေးရယ် စိတ်ချပါ၊ ကျုပ် မောင်ရှင်ကို သေချာစောင့်ရှောက်ပါ့မယ်၊ ဒွေးလေး ဘာမှ တွေးပူမနေနဲ့တော့နော်"

အမေက ကံလှစကားကြောင့် –

"အေးပါကွယ်"

ဟု တိုးတိုးလေးပြောရင်း တစ်စုံတစ်ရာကို လေးလေးနက်နက် တွေးနေဟန်ဖြင့် ငြိမ်သက်သွားသည်။ ဘကြီးသာရင်ကတော့ ကွမ်းအစ်ထဲမှ ကွမ်းသီးစိပ်နုနုလေးကို ရွေးကာ ပါးစပ်ထဲ ထည့်ဝါးနေ၏။ ကံလှနှင့် မောင်ရှင်က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ရင်း ပြုံးဖြစ်မိကြသည်။ လရောင်သည် အိမ်ရှေ့ကွပ်ပျစ်လေးပေါ်သို့ ဖြာကျနေသည်။ လပြည့်ည လသည် ပြည့်ဖြိုးဝိုင်းစက်ကာ ကောင်းကင်၌ ထင်ထင်ရှားရှား ထွန်းလင်းတောက်ပလျက် ရှိနေ



သည်။ ညဥ့်လေပြေသည် တသွဲ့သွဲ့ တိုက်ခတ်နေလျက် …။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄)

ခပ်လှမ်းလှမ်းဆီတွင် အညိုရောင် ကျွန်းကြီး တစ်ကျွန်းကို လှမ်းတွေ့နေသည်။ မိန်းမလှကျွန်းခေါ် ကျွန်းညိုကြီးပင် ဖြစ်၏။ ပင်လယ်ရေလွှာဖွေးဖွေးများ အလယ် ထီးထီးမားမား တည်ရှိနေသော ထိုကျွန်းကြီး ဆီသို့ သစ်ခုတ်သမားအဖွဲ့ကို တင်ဆောင်လာသော လှေကြီးက ဦးတည်လာနေသည်။ လှေဦးစွန်း ဖြတ်သန်းသွားရာ ရေလွှာပြင်သည် ဖွာခနဲ ဖွာခနဲ လွင့်စင်နေ၏။ ကျွန်းနှင့် နီးလာသဖြင့် ရေပြင်သည် စိမ်းပြာသော အရောင်မှ ဂါကျင်ကျင်အရောင်သို့ ပြောင်းလဲလာ [illegible]ပြီသည်။ ကောင်းကင်ပြင်သည်လည်း မိုးသား [illegible]တို့ ကင်းစင်နေသဖြင့် ကြည်လင်လျက်ရှိ



သည်။ ညနေစောင်းချိန်ဖြစ်သဖြင့် နေရောင်သည် အပူရှိန် ခပ်ဖျော့ဖျော့သာပေး၏။

လှေပေါ်မှ လှေသမားတို့က မြင်နေရပြီဖြစ်သော ကျွန်းကြီးကို လှမ်းကြည့်ကာ တစ်ယောက်တစ်ပေါက် ပြောနေကြသည်။

"ကျွန်းကြီးက တော်တော်ကြီးတယ်နော်"

လှေသမားတစ်ယောက်က စတင်ပြောလျှင်-

"ဟုတ်ပ၊ တော်တော်သာယာမယ့်ပုံပဲ"

နောက်တစ်ယောက်က ထောက်ခံ၏။

"သာယာတာပေါ့ဗျာ၊ ဒီကျွန်းမှာ အစာရေစာလည်း ပေါတယ်၊ ဟိုမှာတွေ့လား၊ စီတန်းပေါက်နေကြတာ၊ အဲဒါ အုန်းပင်တွေလေ၊ ကျွန်းပတ်ပတ်လည် အများကြီးပဲ"

ကိုစံမြဆိုသူက ဝင်ပြော၏။

"ခင်ဗျားက ဘယ်တုန်းက ရောက်ဖူးလို့ သိနေတာလဲဗျ"

ပထမပြောနေသောသူဆို ကိုစံမြကို ကြည့်ကာ

www.burmeseclassic.com

www.burmeseclassic.com



မေးလိုက်၏။

"ကျုပ် အရင်တစ်ခေါက် သစ်လာခုတ်တုန်းက ရောက်ဖူးတာလေ၊ သစ်ပင်တွေလည်း ပေါမှပေါဗျာ၊ ကျုပ်တို့တွေ မောင် သုံးလေးငါးစီးတိုက်ပြီးတောင် သယ်ရတယ်ဗျ"

"ဟာ … ဟုတ်လား၊ တော်တော်ရတာပဲနော်"

ဘေးမှ ထိုင်နားထောင်နေသော မောင်ရှင်က ဝင်ပြောသည်။

"ရတာမှ ပြောမနေနဲ့၊ အဲဒီအခေါက်တုန်းက ကျုပ်သားလေးတောင် ရှင်ပြုပေးလိုက်နိုင်တယ်လေ၊ ရှင်ပြုပွဲကို ထမင်းရည်ချောင်းစီး လှူပစ်လိုက်တာပေါ့ဗျ"

ကိုစံမြအပြောကြောင့် မောင်ရှင့်မျက်လုံးထဲ မျှော်လင့်ချက် အရိပ်အယောင်လေး တလက်လက် တောက်ပလာ လာသည်။ ဒီပုံအတိုင်းဆို ဒီကျွန်းကို လာရကျိုး နပ်သွားပြီပဲ။ သစ်တွေလည်း အများကြီး



ရတယ် ဆိုပါလား။ ငွေတွေလည်း အများကြီးရမှာပေါ့။ ဒီတစ်ခေါက် ငွေရရင်တော့ လက်ရှိ အိမ်ဟောင်းလေးကို ပြန်ပြင်ဆောက်ရမယ်။ ပြီးရင် ပိုလျှံတဲ့ ငွေလေးနဲ့ သူလည်း ရှင်သာမဏေ ဝတ်ရမည်။ ဒါမှ အမေလည်း ရဟန်းအစ်မကြီး ဖြစ်မှာ။ ဩော် … အမေ အမေ၊ ငါ့ကို စိတ်မချရှာဘူး။ ငါ အတင်းပူဆာလွန်းလို့သာ မလွှဲသာနဲ့ ထည့်လိုက်ရတာ။ ခုချိန်ဆို အမေ ငါ့ကိုများ စိတ်ပူနေရှာရောပေါ့။ စိတ်ချပါ အမေ။ သား ပြန်လာရင်တော့ အမေ့အတွက် အိမ်အသစ်လေး ပြန်ဆောက်ပေးမယ် သိလား။ နောက်ပြီး အမေက သားရဲ့ ရဟန်းခံရှင်ပြုပွဲကိုလည်း ပျော်ပျော်ကြီး ဆင်နွှဲရဦးမှာ။ ခုတော့ အမေရေ …သားကို ခဏလေး လွမ်းနေလိုက်ဦးနော်။

"အဲဒီကျွန်းကြီးပေါ်မှာ တောကောင်တွေလည်း ပေါတယ်ကွ"

ကိုစံမြက စကားပြန်ဆက်၏။ မောင်ရှင်က အတွေးလွန်နေရာမှ ကြားလိုက်ရသော စကားကြောင့် အသားများစွင့်နေမိ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုအတော်ပဲ၊ ရောက်တုန်းရောက်ခိုက် အမဲလေးဘာလေးတွေ့ရင် သိပ်ကောင်းမှာပဲ၊ ကျုပ်က ယုန်သားတို့ဘာတို့ သိပ်ကြိုက်တာဗျ"

တစ်ယောက်က သဘောကျသလိုပြော၏။

"ဟာ … ဟေ့ကောင် မလုပ်နဲ့၊ မလုပ်နဲ့၊ ဒီကျွန်းမှာ အမဲလိုက်လို့ မရဘူးကွ"

"ဘာဖြစ်လို့လဲ ကိုစံမြရဲ့"

နောက်တစ်ယောက်က နားမလည်သလို မေး၏။ စကားဝိုင်းတွင် မပါဘဲ ကျွန်းကြီးကို ရပ်မျှော်ကြည့်နေကြသော လှေသားအချို့ စိတ်ဝင်တစား ဝိုင်းလာ ထိုင်ကြ၏။ ကိုစံမြက ချောင်းတစ်ချက်ဟန့်ကာ အသံကို နှိမ့်၍ -

"ဒီကျွန်းမှာ အစိမ်းသေ လေးယောက်ရှိတယ်ကွ၊ သူတို့က ကျွန်းပေါ်မှာ တောလိုက်ရင် မကြိုက်ကြဘူး၊ တောလိုက်မိတဲ့သူတွေလည်း အန္တရာယ်တစ်မျိုးမျိုးနဲ့ ကြုံကြရတယ်လို့ ငါ



ပြောသံကြားဖူးတယ်ကွ"

မောင်ရှင်က ကိုစံမြစကားကို ကြားတော့ တစ်ချက်ရယ်သမ်းသွေးလိုက်ကာ -

"ကျုပ်ကတော့ အစိမ်းသေပဲဖြစ်ဖြစ်၊ အကျက်သေပဲဖြစ်ဖြစ် မကြောက်ပါဘူး၊ ဘယ်လိုကောင်မျိုးလဲဆိုတာတောင် တွေ့ချင်သေးတယ်"

မောင်ရှင့်စကားကို ကြားတော့ ထိုင်နားထောင်နေသော ကံလှ မျက်လုံးပြူးသွားကာ -

"ဟေ့ကောင် မောင်ရှင်၊ မင်း ဘာတွေလျှောက်ပြောနေတာလဲ၊ မပြောကောင်း မဆိုကောင်း"

ဟု စိုးရိမ်သလို ဝင်ဟန့်၏။

"ဟား ဟား … မင်းကလည်း ငါက တွေ့ဖူးချင်ရုံသက်သက်ပါကွာ၊ အစိမ်းသေဆိုတာ"

"မောင်ရှင်ရေ … ခဏလာပါဦးဟေ့"

မောင်ရှင်စကားတို့ တစ်ဝက်တစ်ပျက်နှင့် ရပ်

www.burmeseclassic.com

www.burmeseclassic.com



တန့်သွားသည်။ လှေသူကြီး ဦးကြီးဘဖေက လှမ်းခေါ်လိုက်သောကြောင့် ဖြစ်၏။

"ဟုတ်ကဲ့၊ လာပြီ ဦးကြီး"

မောင်ရှင်က ထိုင်နေရာမှ လူးလဲထလိုက်ပြီး-

"ငါ သွားပြီ၊ ဦးကြီး ဘာပြောဖို့လဲ မသိဘူး၊ နောက်မှ အစိမ်းသေအကြောင်း ဆက်ပြောကြမယ်"

ဟု ပြောကာ ထွက်သွားလေတော့၏။ ကံလှက မောင်ရှင်ကို ကြည့်ပြီး -

"ဟာ ... ဒီကောင် ပြောလေကဲလေပဲ"

ဟု မကျေမနပ် ရေရွတ်၏။

"အဲဒီ အစိမ်းသေလေးယောက်က ဘယ်လိုကနေ ဘယ်လို ဒီကျွန်းပေါ်မှာ ဟာသေကြတာလဲ"

လှေသားတစ်ယောက်က ကိုစံမြကို ဆက်မေး၏။ ကျန်သူများကလည်း သိချင်စိတ်ကြောင့် ကိုစံမြမျက်နှာ စိုက်ကြည့်ကာ နားစွင့်နေကြသည်။ ကိုစံမြက



ထွက်သွားသော မောင်ရှင့်ကျောပြင်ကို လှမ်းကြည့်နေရာမှ မျက်လုံးအသာလွှဲကာ မေးနေသောသူကို ပြန်ကြည့်၏။ ထို့နောက် စဉ်းစားသလို မျက်မှောင်တစ်ချက်ကျုံ့လိုက်ကာ -

"အေး ... ဒီလိုကွ"

ဟု အစချီ ပြောလေတော့သည်။

"အရင်တုန်းက ဒီကျွန်းမှာ ကရင်မုဆိုးကြီး တစ်ယောက် ရှိတယ်ကွ၊ သူ့မှာ သမီးကလေး လေးယောက်လည်း ရှိတယ်၊ တစ်နေ့တော့ မုဆိုးကြီး တောလိုက်ထွက်နေတုန်းမှာ သူ့သမီးလေးယောက်စလုံး ကျားကိုက်ခံရပြီး အစိမ်းသေ သေသွားကြတယ်၊ နောက်တော့ အဲဒီ ကျားကိုက်ခံရတဲ့ မိန်းကလေး လေးယောက်က ဒီကျွန်းကိုစောင့်တဲ့ အစောင့်တွေ ဖြစ်သွားကြတယ်တဲ့၊ ငါ ကြားဖူးတာတစ်ခုက ဒီကျွန်းကို ရောက်ဖူးတဲ့ တချို့တလေလည်း မြင်ဖူးကြတယ်လို့ ပြောကြတာပဲ၊ သူတို့အပြောအရ

www.burmeseclassic.com

www.burmeseclassic.com



အဲဒီမိန်းကလေး လေးယောက်က အရမ်းချော
ကြတယ်ဆိုပဲ''

''သြော် ... သနားစရာပဲနော်''

''ကိုစံမြစကားဆုံးတော့ နားထောင်နေသူ
တစ်ယောက်က စိတ်မကောင်းသလို ပြော၏။

''သြော် ... ဒါနဲ့ သူတို့တွေက တောလိုက်
ဘာကို ဘာဖြစ်လို့ မကြိုက်ကြတာလဲ''

''ဒါတော့ ငါလည်း ဘယ်သိမှာလဲကွ၊ မင်း
ဘာသာ သွားမေးကြည့်''

လှေသားတစ်ယောက်၏ အမေးကို ကိုစံမြက
အရွှန်းဖောက်၏။ နားထောင်သူအားလုံး ဝါးခနဲ ဝိုင်း
ရယ်လိုက်ကြသည်။ အရယ်ခံရသူ လှေသားက မျက်နှာ
ကြီး ရှုံ့မဲ့သွားကာ -

''မသိလို့ မေးတာပဲ၊ ဒါလေးပြောတာ ဘာ
ဖြစ်တာကျနေတာပဲ''

ဟု ပွစိပွစိပြောကာ ရေရွတ်၏။

''သူတို့တွေက ကျွန်းပေါ် ရောက်လာသူတွေ



ကို အန္တရာယ်ပေးကြသေးလား''

ကံလှက စိုးရိမ်သလို ဝင်မေး၏။

''ဟင့်အင်း ... အန္တရာယ်မပေးပါဘူး၊
ဒါပေမဲ့ တစ်ခုရှိတယ်၊ ခုနက ငါပြောသလို
အမဲလိုက်တာ၊ ကျွန်းပေါ်မှာ သူတို့မကြိုက်တာ
တစ်ခုခုလုပ်မိရင်တော့ အန္တရာယ်ဖြစ်အောင်
လုပ်တတ်ကြတယ်၊ အဲ ... သူတို့နှစ်သက်
ရင်တော့ ဘာမှမလုပ်ပါဘူး''

ကိုစံမြ၏ စကားဆုံးတော့ အားလုံးက အတွေး
ကိုယ်စီနှင့် ငြိမ်သက်သွားကြ၏။ ကံလှက မောင်ရှင်ကို
လှမ်းကြည့်မိသည်။ ဦးကြီးဘဖေက မောင်ရှင်ကို
ဘာတွေ ပြောနေမှန်းမသိ။ မောင်ရှင်က ခေါင်းတညိတ်
ညိတ်နှင့် နားထောင်နေသည်။ စကားဝိုင်းဖွဲ့ ထိုင်နေကြ
သူတွေလည်း အသီးသီး ထထွက်သွားကြကာ ကျွန်းကြီး
ကို မျှော်ကြည့်သူက ကြည့်၊ ဟိုတစ်စု သည်တစ်စု
ရပ်ကာ အချင်းချင်းစကားပြောနေကြသူတွေက ပြောကြ
နှင့်။ ထိုသူတို့ဆီမှ ရယ်သံတချို့သည်လည်း လတ်ဆတ်

www.burmeseclassic.com

www.burmeseclassic.com



သော ပင်လယ်လေနှင့်အတူ တစ်ချက်တစ်ချက် ပျံ့လွင့်လာတတ်သေးသည်။

နေလုံးသည် ဟိုအဝေး ပင်လယ်ရေမျက်နှာပြင်စပ်သို့ စုန်းစုန်းမြုပ်ကာ ဝင်ရောက်တော့မည်ဖြစ်သည်။ နေမင်းကြီးဆီမှ နီဝါရောင် အရောင်တချို့ ပင်လယ်ရေမျက်နှာပြင်သို့ ဖြာကျနေပုံမှာ တမျိုးလှ၍နေ၏။ မိုးသားပြင်ထက်တွင် အုပ်စုဖွဲ့ကာ ပျံသန်းနေကြသော ငှက်အချို့သည် အိပ်တန်းတက်ရန် သူတို့သိုက်မြုံရှိရာသို့ ဝဲပျံသွားကြပုံမှာလည်း ပင်လယ်ညနေဆည်းဆာ၏ အလှတစ်ခုပင် ဖြစ်တော့သည်။ လိမ္မော်ရောင် လုံးဝန်းဝန်းခပ်ကွေးကွေးသဏ္ဍာန်လေးကိုပင် မမြင်ရတော့အောင်နေလုံးသည် နစ်မြုပ်ပျောက်ကွယ်သွားတော့သည်။

တရွေ့ရွေ့ ခုတ်မောင်းနေသော လှေသည်အရှိန် တဖြည်းဖြည်းသတ်လိုက်ပြီဖြစ်၏။

"ကျောက်ချလိုက်တော့ဟေ့"

ဟူသော အော်သံနှင့်အတူ လှေကြီးသည် လှုပ်လွန့် လှုပ်ရှားရာမှ ရပ်တန့်ငြိမ်သက်ရန် အရှိန်ယူလိုက်



ပေပြီ။ အညိုရောင်ကျွန်းကြီးမှာလည်း မည်းမည်းမှောင်ကာ တိတ်ဆိတ်ငြိမ်သက်နေတော့၏။ အလင်းရောင်သည် တစ်စတစ်စ ပြယ်လွင့်ပျောက်ကွယ်သွားကာ အမှောင်ထုကသည် တဖြည်းဖြည်း ချဉ်းနင်းဝင်ရောက်ခဲ့ပြီ ဖြစ်ပေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅)

နောက်တစ်နေ့ မိုးသောက်သို့ပင် ရောက်လာခဲ့ပေပြီ။ နေလုံးသည် အရှေ့အရပ် ပင်လယ်ရေ မျက်နှာပြင်အောက်မှ ပြန်လည်ပေါ်ထွက်လာနေပြီ။ ကျွန်းညိုကြီးရှေ့တွင် ကျောက်ချရပ်ထားသော လှေသည် နံနက်ခင်း နေရောင်နှင့်အတူ လှုးလွန့်လှုပ်ရှားလာ၏။

"ဟေ့ ... အဆင်သင့်ဖြစ်ရင် သွားကြရအောင်ဟေ့"

အဖွဲ့ခေါင်းဆောင် ဦးကြီးဘဖေက အော်ပြောလိုက်သည်။ ထို့နောက် ကျွတ်စီကျွက်စီအသံများ ဆူညံသွားကာ လူစုရပ်လိုက်ကြ၏။ ရပ်နေသူများကို ကြည့်၍ ဦးကြီးဘဖေက ဆက်ပြောသည်။



"လူစုံပြီလားကွ"

"မစုံသေးဘူး ဦးကြီး၊ ကိုကံလှရယ်၊ ဖိုးတုတ်ရယ်၊ သံချွေရယ် ကျန်သေးတယ်"

"ငါရောက်ပြီဟေ့"

ဟူသော အသံနှင့်အတူ ဖိုးတုတ်က စုရပ်နေသော နေရာသို့ ပြေးဝင်ရပ်လိုက်သည်။

"ဟိုနှစ်ယောက်ရော"

"ကံလှနဲ့ မောင်ရှင်ကို နောက်ဘက်မှာ တွေ့လိုက်တယ်"

"ဟာ ... ဒီကောင်တွေ ဘာလုပ်နေကြတာလဲ မသိဘူး၊ နေမပူခင် သွားပါမယ်ဆိုတာ၊ သွား ... တစ်ယောက်လောက် မြန်မြန်သွားခေါ်ချေစမ်း"

ဦးကြီးဘဖေက စိတ်မရှည်သလို ပြောကာ အခေါ်ခိုင်း၏။

လှေနောက်ဘက်တွင် ကံလှက သူငယ်ချင်း မောင်ရှင်ကို -

www.burmeseclassic.com

www.burmeseclassic.com



"မင်း လှေစောင့်ကျန်ရစ်ခဲ့တာပဲ ကောင်းတယ်၊ ဒါမှ ငါလည်း စိတ်အေးရမှာ၊ နောက်မို့ဆို ငါတို့နဲ့အတူ မင်း မျှောလိုက်ခုတ်နေရင် ငါ စိတ်တထင့်ထင့် မင်းအတွက် ပူနေရဦးမယ်၊ မင်းအမေက မင်းကို စောင့်ရှောက်ပါဆိုပြီး အတန်တန် မှာထားတယ် မဟုတ်လား၊ အဲဒီအတွက် ငါ့မှာ မင်းကိုစောင့်ရှောက်ဖို့ တာဝန်ရှိတယ်၊ တော်ကြာ … မင်း တစ်ခုခု ဖြစ်သွားရင် ငါ့တာဝန်ဖြစ်နေဦးမယ်"

"အေးကွာ … ငါလည်း မင်းတို့နဲ့အတူ မျှောခုတ် လိုက်ချင်တာကွ၊ ဒါပေမဲ့ မနေ့က ဦးကြီးဘဖေက ငါ့ကို ခေါ်ပြောတယ်၊ ငါ့အမေက ဦးကြီးကို သေသေချာချာ အပ်ထားတယ်တဲ့၊ အဲဒါ ဦးကြီးက ငါတစ်ခုခုဖြစ်ရင် သူလည်း တာဝန်ကြီးတယ်ဆိုပြီး ငါ့ကို လှေစောင့်ခိုင်းတာပဲ"

မောင်ရှင်က မျက်နှာလေး ငယ်ကာ ပြော၏။



"ကောင်းတာပေါ့ကွာ၊ လှေပေါ်မှာဆိုတော့ အေးအေးဆေးဆေး နေရတာပေါ့"

ကံလှက နှစ်သိမ့်သလို ပြောသည်။

"မကောင်းဘူးကွ၊ အေးအေးဆေးဆေးဆိုပေမယ့် ငါတစ်ယောက်တည်း နေရမှာဆိုတော့ ပျင်းတယ်"

"မင်းက ဘာလို့ပျင်းရမှာလဲ၊ မင်းကို ထမင်းချက်တာဝန်ပါ ပေးထားတာပဲ၊ ထမင်းချက်နေရင်တော့ မင်း ပျင်းမှာမဟုတ်တော့ပါဘူးကွာ"

"အေးပါကွာ"

သူတို့နှစ်ယောက် စကားပြောနေစဉ်တုန်းမှာပဲ-

"ဟေ့ … ကံလှရေ၊ ဘာလုပ်နေတာလဲ၊ သွားကြမယ်လေ"

"ဩော် … အေး၊ လာပြီ"

ကံလှက လာခေါ်သူအား လှည့်ပြောလိုက်ရင်း မောင်ရှင့်ကိုပါ ဆက်ပြော၏။

"လာ … ငါတို့ အရှေ့ကို သွားကြရအောင်"

www.burmeseclassic.com

www.burmeseclassic.com



အရှေ့ရောက်တော့ စောင့်မျှော်နေသော လူစု ကြီးအား တွေ့လိုက်ရသည်။

"ကဲ ... လူစုံပြီဆို သွားကြရအောင်ဟေ့"

ဦးကြီးဘဖေ လှမ်းပြောလိုက်၏။ ထို့နောက် မောင်ရှင်ကို လှမ်းကြည့်ပြီး -

"မောင်ရှင်ရေ ... မင်းကတော့ လှေကို ဂရု တစိုက် စောင့်ဦးနော်၊ ထမင်းတွေ ဟင်းတွေ လည်း ချက်ထားဦး၊ ငါတို့ ညနေစောင်း လောက်မှ ပြန်လာကြမယ် သိလား"

"ဟုတ်ကဲ့ ဦးကြီး၊ စိတ်ချလက်ချသွားပါ၊ ကျွန်တော် ဂရုတစိုက် စောင့်ပါ့မယ်"

မောင်ရှင်က အာမခံလိုက်၏။

"အေး ... ကောင်းပြီ၊ ဒါဆို ဦးကြီးတို့ သွား မယ်နော်"

"ဟုတ်ကဲ့"

"သွားပြီ မောင်ရှင်ရေ" -

နှုတ်ဆက်ထွက်ခွာသွားသော အဖွဲ့ကို ကြည့်



ရင်း မောင်ရှင်သည် လှေပေါ်၌ တစ်ယောက်တည်း ငေါင်စင်းစင်း ကျန်ရစ်ခဲ့တော့၏။ မိန်းမလှကျွန်းခေါ် ကျွန်းညိုကြီးဆီသို့ တရွေ့ရွေ့ ဦးတည်သွားနေကြသော သူ့အဖွဲ့ကိုကြည့်ရင်း မောင်ရှင် တိတ်တိတ်ကလေး ဆုတောင်းမိလိုက်သည်။

"သစ်များများရပါစေလို့"

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၆)

မောင်ရှင်သည် မျှော်ခုတ်သွားသည့်အဖွဲ့ မိန်းမလှကျွန်းထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်နှင့် သူလည်း ထမင်းချက်ရန် ပြင်တော့၏။ ထမင်းအိုးဆေး၊ မီးမွေးပြီး ထမင်းတည်ထားလိုက်၏။ ထမင်းအိုး စောင့်စဉ် ပျင်းပျင်းရှိတာနှင့် လှေဦးထိပ်သို့ ထွက်လာကာ ထိုင်နေမိတော့၏။ မိန်းမလှကျွန်းကြီးရှိရာသို့ ငေးမောကြည့်ရှုနေရင်း သူ့စိတ်အတွေးတို့သည်လည်း ဟိုရောက်ဒီရောက်နှင့် ရှိနေတော့သည်။

နေရောင်သည် တဖြည်းဖြည်း တောက်ပလာခဲ့ပြီဖြစ်၏။ နံနက်ခင်းနေရောင်သည် အပူမာတ် ခပ်နွေးနွေးသာ ပေးစွမ်း၏။ လတ်ဆတ်သော ပင်လယ်လေ



သည် သူ့မျက်နှာပြင်ပေါ်သို့ တိုးဝှေ့တိုက်ခတ်နေသည်။ ပွတ်သပ်ကျီစယ်နေသော လေနုအေး၏ အထိအတွေ့ကြောင့် သူ့မျက်လုံးတို့ကို မှေးကျဉ်းထားလိုက်ကာ မိန်းမလှကျွန်းရှိရာသို့ စိုက်ကြည့်နေမိသည်။ အုန်းပင်တန်းများ စီတန်းပေါက်ရောက်နေသော ကျွန်းကလေးသည် သာသာယာယာ ရှိပုံရသည်။ တောစပ်နားသို့ အတင့်ရဲကာ ထွက်လာကြသော ရှဉ့်ကလေးများကိုလည်း သူ မြင်တွေ့နေရ၏။ သဲသောင်ပြင်သည် တောစပ်နားထိ အညိုရောင်မြေသားပင် ဖြစ်သည်။ ကျေးငှက်ကလေးများ ကျွတ်စီကျွတ်စီ မြည်တမ်းနေသော အသံဗလံလေးများမှ လွဲ၍ ကျွန်းသည် တိတ်ဆိတ်နေသလိုထင်ရသည်။ တစ်ခါတစ်ရံ ချေဟောက်သံလို တောကောင်တွေ ပြေးလွှားလှုပ်ရှားသံလိုများကိုတော့ တစ်ချက် တစ်ချက် ကြားလိုက်ရသည်။ ပင်လယ်လှိုင်းကလေးများသည် ဟိုအဝေးဆီမှ အပြေးအလွှား ရောက်ရှိလာကြပြီး ကျောက်ဆိုင်များကို တွန်းတိုက်ကာ ပြန်လည် ထွက်ခွာသွားကြပြန်သည်။ မောင်ရှင်သည် ပြန်

www.burmeseclassic.com

www.burmeseclassic.com



လည် ပြေးလွှားသွားနေကြသော လှိုင်းကလေးကို ကြည့်ရင်း အမေ့ကို သတိရလာမိသည်။ အမေနဲ့ ဒီလို တစ်ခါမှ ခွဲခွာဖူးတာမဟုတ်။ အမေလည်း သူ့ကို သတိရနေရှာတော့မည်။ သူ့ဘဝတွင်လည်း ချစ်ခင်တွယ်တာစရာဟူ၍ အမေတစ်ယောက်သာ ရှိသည်။ အခြား ချစ်မြတ်နိုးစရာ ရည်းစားသနာတွေလည်း သူ မရှာမိခဲ့။ အမေသည်သာ သူ့ဘဝ၏ အရေးကြီးဆုံးဟူ၍ မှတ်ထင်ကာ အမေ့ကို ပြုစုလုပ်ကျွေးရင်းသာ အချိန်ကုန်ခဲ့ရသည်။ ဖခင်ကြီး မရှိစဉ်ကတည်းက ယိမ်းယိုင်ခဲ့ရသော စီးပွားရေးသည်လည်း အခုမှ ပြန်လည်ဦးမော့ကာစ ပြုလာခဲ့တာ ဖြစ်သည်။ ဒီ သစ်အငှားခုတ်သည့်အလုပ်က သူတို့သားအမိအတွက် စားဖို့သောက်ဖို့ ဖူလုံသည်။ သို့သော်လည်း သူ ငွေပိုငွေလျှံလေးတော့ စုဆောင်းချင်သေးသည်။ ဒါကြောင့် ဒီခရီးကို လိုက်ပါရဖို့ အမေ့ကိုတောင်မရမက ခွင့်တောင်းခဲ့ရတာ။ ဒီက အပြန်တော့ ငွေပိုငွေလျှံလေး စုဆောင်းမိမည်ဟု သူ ထင်သည်။ ဒါမှ သူ စိတ်ကူးထားတဲ့အတိုင်း ဖြစ်လာမှာမဟုတ်လား။



သူ တွေးနေမိစဉ်မှာပင် သူ့နှာခေါင်းသဲ ညှော်နံ့လိုလို ရလာ၏။

"ဟင် ... ဘယ်က ညှော်နံ့လဲ"

သူ ရှေ့ရှုတ်လိုက်ရင်း တရှုံ့ရှုံ့ အနံ့ခံကြည့်မိသည်။ ထိုစဉ် ရုတ်တရက် ဖျတ်ခနဲဝင်ရောက်လာသော အသိကြောင့် သူ ထိတ်လန့်တကြား ရေရွတ်မိတော့သည်။

"ဟိုက် ... ထမင်းအိုးဝေပြီထင်တယ်"

သူ ကမန်းကတန်းပင် နောက်သို့ ပြေးဝင့်လာခဲ့မိတော့သည်။ ထင်သည့်အတိုင်းပင် ထမင်းအိုးသည် ဝေကျနေပြီး ပွက်ပွက်ထနေတော့၏။

"ဟာ…သွားပြီ၊ ထမင်းတွေ ပျော့သွားပြီ"

ပျော့စိပြဲနေသော ထမင်းတွေကို ကြည့်ပြီး သူ စိတ်မသက်သာစွာပင် ရေရွတ်မိတော့၏။ မဖြစ်တော့ဘူး။ ဒီထမင်းကို ဘယ်လိုမှ စား၍ရမည် မဟုတ်တော့။ မထူးပါဘူး။ နောက်တစ်အိုးပဲ ပြန်တည်ရတော့မည်ဟု ဆုံးဖြတ်လိုက်ကာ ပျော့သွားသော ထမင်းကို သွန်ပစ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရတော့၏။ ထို့နောက် ထမင်းအိုးအသစ်ကို ပြန်တည်ဖို့ ပြင်ဆင်ရတော့သည်။ ထမင်းအိုး စောင့်နေစဉ်သူသည် အပျင်းပြေ စောင်းတီးရင် ကောင်းမည်ဟု စဉ်းစားမိတာနှင့် အမေ မသိအောင် ခိုးဝှက်ယူလာခဲ့ရသော သူတီးနေကျ စောင်းကလေးကို အခန်းထဲမှ သွားထုတ်ယူလိုက်သည်။ ထို့နောက် ထမင်းအိုးဘေးမှာ စောင်းကလေးတီးကာ ထမင်းဆူမည့်အချိန်ကို စောင့်နေမိတော့သည်။

မောင်ရှင်၏ စောင်းသံလေးသည် တသွဲ့သွဲ့တိုက်ခတ်နေသော လေပြည်နှင့်အတူ ပျံ့လွင့်၍ သွားတော့၏။ လှုပ်ခတ်တို့ထိနေသော သူ့လက်ချောင်းလေးများအောက်မှ စောင်းသံသည် နူးညံ့ညင်သာစွာ ပေါ်ထွက်နေ၏။ ဂီတသံသည် လူ၏စိတ်အာရုံကို ညှို့ယူနိုင်စွမ်းရှိသည်။ သာယာညင်းပျောင်းသော စောင်းသံကို ဖန်တီးနေရင်း သူ့စိတ်နှလုံးသည်လည်း နူးညံ့ပျော့ပျောင်းလျက် ရှိနေတော့သည်။ ဝေ့ဝဲတိုက်ခတ်နေသော လေအဟုန်နှင့်အတူ စောင်းသံသည် တငြိမ့်



ငြိမ့် စီးဆင်းပျံ့နှံ့သွားသလို သူ့စိတ်အာရုံသည်လည်း တီးခတ်နေသော လက်ချောင်းလေးများမှတစ်ဆင့် စောင်းကလေးဆီသို့ တစိမ့်စိမ့် စီးဝင်ပျံ့နှံ့နေတော့၏။ မည်မျှကြာအောင် စောင်းကို တီးခတ်နေမိသည်မသိ။ နားထဲ ခိုးခိုးခစ်ခစ် ရယ်သံလိုလို ကြားလိုက်မိ၍ သူ စောင်းတီးနေရာမှ ရပ်တန့်ကာ မော်ကြည့်မိသည်။ မြင်လိုက်ရသော မြင်ကွင်းကြောင့် သူ့နှုတ်ခမ်းတွေ ဖျတ်ခနဲ ပွင့်အာသွားတော့သည်။ မိန်းကလေးတွေ …။ သူ့လှေပေါ်မှာ မိန်းကလေးတွေ ရောက်နေတာကို သူ မသိနိုင်စွာ စောင်းကို စိတ်ပါလက်ပါ တီးနေမိခဲ့သည်။ သူတို့တွေ သူ့လှေပေါ် ဘယ်လိုရောက်နေကြတာလဲ။

"မင်းတို့ ဘယ်သူတွေလဲ"

သူက အံ့သြတကြီး မေးလိုက်၏။ သူ့စကားကြောင့် သူ့ကို ရပ်တန့်ကြည့်ရှုနေသော ထိုမိန်းကလေးလေးယောက်က တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြရင်း သဘောကျသလို ကိုယ်လေးလှုပ်ကာ လှုပ်ကာ ရယ်မောနေ၏။ သူတို့ရဲ့ အပြုအမူကြောင့်

www.burmeseclassic.com

www.burmeseclassic.com



သူ ဒေါသထောင်းခနဲ ထွက်သွားရတော့သည်။ ဘယ်လို တွေပါလိမ့်။ သူလှေပေါ်သို့ သူမသိဘဲ ရောက်လာသည်။ သူ မေးတာကိုလည်း ရယ်စရာ ပြက်လုံးတစ်ခု ကြားရသလို ဝိုင်းရယ်နေကြ၏။ ဘယ်လိုကောင်မလေး တွေပါလိမ့်။ အားလုံး လေးယောက်တောင်။ လေးယောက်စလုံး ချောမောကြသည်။ ဤမျှ ချောမောလှပသော မိန်းမပျိုလေးများကို မြင်တွေ့လိုက်ရသဖြင့် သူ အံ့သြမှင်သက်သလိုတောင် ဖြစ်သွားခဲ့ရသည်။ ဒါနဲ့ ဒီမိန်းမချောလေးတွေ သူ့လှေပေါ်သို့ ဘာလာလုပ်ကြတာလဲ သူ အရမ်းသိချင်သွားရကာ ထပ်မေးမိ၏။

"ဟော့ … မင်းတို့ ဘယ်သူတွေလဲလို့ မေးနေတယ်နော်"

သူ့ရဲ့ ဒုတိယမြောက်အမေးကို ကြားတော့ ထိုမိန်းကလေးများ အရယ်ရပ်သွားကြကာ ထိုလေးယောက်ထဲမှ အချောမောဆုံးဟု ထင်ရသော မိန်းမပျိုသည် သူရှိရာသို့ ပြုံးရယ်ကာ လျှောက်လာ၏။ သူ့ရှေ့နား ရောက်တော့ ယို့ယို့ကလေး ဝင်ထိုင်ရင်း -



"စိတ်မဆိုးပါနဲ့ မောင်ကြီးရယ်၊ နှမလေးတို့က မောင်ကြီးကို အန္တရာယ်ပေးမယ့်သူတွေ မဟုတ်ပါဘူး၊ နှမလေးတို့က မောင်ကြီး တီးနေတဲ့ စောင်းသံလေးကို နှစ်သက်လွန်းလို့ ဒီအထိတောင် ရောက်လာခဲ့ရတာပါ၊ ခုန နှမလေးတို့ ရယ်နေတာလဲ တခြားမဟုတ်ပါဘူး၊ နှမလေးတို့က မောင်ကြီးရဲ့စောင်းသံကို ကြားပြီး ငြင်းခုန်နေကြတာလေ"

"ဘယ်လို ငြင်းခုန်တာလဲ"

မိန်းမပျို၏စကားကို မောင်ရှင်က ဖြတ်မေးလိုက်သည်။ နောက်နားတွင် ရပ်ကြည့်နေသော မိန်းမပျိုလေးများ သူ့အနားတွင် ဝိုင်းထိုင်လိုက်ကြ၏။ မောင်ရှင်က ထိုမိန်းမပျိုလေးများကို အံ့သြသလို လိုက်ကြည့်နေမိသည်။ ထိုစဉ် တစ်ယောက်သော မိန်းမပျိုလေးက မောင်ရှင်ကို ပြောပြနေသော မိန်းမပျိုလေးကို လက်တို့လိုက်ရင်း …

"မကြီး ပြောပြလိုက်လေ၊ သူ မေးနေတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုငြင်းခုန်တာလဲတဲ့”

ထိုမိန်းမပျိုလေးရဲ့စကားကြောင့် ကျန် မိန်းမပျိုလေးများက သဘောတကျ ဝိုင်းရယ်လိုက်ကြပြန်သည်။

“ကဲ … ကဲ … ညီမလေးတို့ရေ၊ မရယ်ကြနဲ့တော့၊ ဒီကမောင်ကြီး အနေခက်နေတော့မယ်”

သူ့ကို စကားစပြောသော မိန်းမပျိုကပင် ထပ်ပြော၏။ ထို့နောက် သူ့မက တစ်ချက်ပြုံးလိုက်ရင်း-

“ဒီလို မောင်ကြီးရဲ့၊ နှမလေးတို့ ငြင်းခုန်နေကြတာက မောင်ကြီးတီးနေတဲ့ စောင်းသံက အဘိုးကြီးတစ်ယောက် တီးတာဖြစ်ရမယ်လို့၊ ဒီက ညီမနှစ်ယောက်က ပြောတယ်၊ နှမလေးနဲ့ ဒီညီမငယ်လေးက အဘိုးကြီးမဖြစ်လောက်ဘူးလို့၊ အသက်ငယ်ငယ်ရွယ်ရွယ် ယောကျ်ားတစ်ယောက်တီးတာပဲ ဖြစ်မယ်လို့ ငြင်းခုန်ကြရင်း သေချာသိရအောင် ဒီလှေပေါ်အထိ လာတက်ကြည့်ရတာပဲ မောင်ကြီးရဲ့၊ ခုတော့



နှမလေးထင်တာ မှန်သွားပြီပေါ့”

“ဟုတ်တယ် မကြီး၊ ညီမလေးတို့ မှန်သွားပြီ”

အငယ်ဆုံးဖြစ်ပုံရသော မိန်းမပျိုလေးက ဝမ်းသာရွှင်မြူးစွာ ပြောသည်။

“ဒါနဲ့ မင်းတို့ဘယ်ကလဲ၊ ဘယ်မှာနေကြတာလဲ”

မောင်ရှင်က ထပ်မေးသည်။

“နှမလေးတို့က ဒီကျွန်းပေါ်မှာ နေကြတာလေ”

မကြီးဟု ခေါ်ခံရသော မိန်းမပျိုကပင် ပြော၏။

“ဟင် … ဒီကျွန်းပေါ်မှာနေတာ ဟုတ်လား၊ နေပါဦး၊ ဒီကျွန်းပေါ်မှာ လူနေတယ်လို့ ငါ မကြားမိပါဘူး”

မောင်ရှင်က အံ့ဩသလို ပြန်မေး၏။

“ဟုတ်ပါတယ် မောင်ကြီးရဲ့၊ မောင်ကြီး မသိ

www.burmeseclassic.com

www.burmeseclassic.com



လို့ ဖြစ်မှာပါ၊ ဒီကျွန်းမှာ လူတွေနေကြပါတယ်''

မောင်ရှင်က ဇဝေဇဝါ တွေး၏။ သူ မသိလို့များလား။ အင်းလေ … ဟုတ်ရင် ဟုတ်မှာပေါ့။ ဒီမိန်းကလေးတွေ ကြည့်ရတာ လိမ်မယ့်ပုံတော့ မပေါ်ပါဘူး။

''ဟယ် … ဒီမှာ ထမင်းအိုးကြီး ဆူပြီး ဝေကျနေပြီ''

မိန်းမပျိုလေးတစ်ယောက်က ထအော်သည်။ မောင်ရှင်လည်း ခုမှ ထမင်းတည်ထားတဲ့အဖြစ်ကို သတိရမိတော့ကာ ကမန်းကတန်း ထသည်။

''မောင်ကြီး နေပါ၊ နှမလေးတို့ ဝိုင်းချက်ပေးပါ့မယ်၊ လာဟေ့ … မငယ်ရေ၊ တို့ကို ဝိုင်းကူဦး''

''ကူမှာပေါ့ မလတ်ရဲ့၊ မောင်ကြီးက မကြီးတို့နဲ့ အေးအေးဆေးဆေး စကားပြောနေ၊ ထမင်းတွေ ဟင်းတွေကို နှမလေးတို့ပဲ ချက်



လိုက်မယ် သိလား''

မလတ်နှင့် မငယ်ဆိုသော မိန်းမပျိုလေးတွေက တခစ်ခစ်ရယ်ပြောလေ၏။ မောင်ရှင်က အားနာသွားဟန်ဖြင့် -

''ဟာ … ရပါတယ်ဗျာ၊ ကျုပ်ဘာသာ လုပ်ပါ့မယ်''

''အို … မဟုတ်တာ မောင်ကြီးကလည်း နှမလေးတို့ ကူလုပ်ပေးမှာပေါ့၊ မောင်ကြီးက နှမလေးတို့ ကူလုပ်ပေးတဲ့အတွက် ဈေးထပ်တိုးပြီးရမယ်နော်''

မငယ်က ထမင်းအိုးကို ယောင်းမဖြင့် မွှေနေရင်းက ပြော၏။

''ဩော် … ရပါတယ်ဗျာ၊ တိုးပြီးရမှာပေါ့''

''ယေး … ဝမ်းသာလိုက်တာ၊ မောင်ကြီးက ခင်ဖို့ကောင်းတယ်နော် မကြီး''

''ဟင်း … ဟင်း … အတွေးလေးကတော့ လုပ်ပြီ၊ မောင်ကြီးကို မြှောက်နေပြန်ပြီ''

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မကြီးကလည်း မြှောက်ပြောတာ မဟုတ်ပါဘူး၊ မောင်ကြီးက တကယ်ခင်ဖို့ ကောင်းတာ၊ ဟုတ်တယ်နော် မောင်ကြီး"

အထွေးလေးဆိုသူ မိန်းကလေးက မေးလေ ငေါ့ကာ မေး၏။ မောင်ရှင်သည် အိုးတိုးအမ်းတမ်း ဖြစ်သွားကာ ရယ်ပင် ရယ်နေလိုက်တော့၏။

"အထွေးလေးရယ် ... မောင်ကြီး အနေခက် အောင် လုပ်နေပြန်ပါပြီ၊ ဒီလိုပဲ မောင်ကြီးရဲ့၊ နှမလေးတို့ ညီအစ်မတွေက ပျော်တတ်ကြ တယ်၊ နှမလေးတို့ ရောက်လာတာ မောင်ကြီး အတွက် အနှောင့်အယှက် ဖြစ်နေလားဟင်" မကြီးက မေး၏။

"ရပါတယ် မဖြစ်ပါဘူး၊ မင်းတို့ရောက်လာ တာ ငါလည်း စကားပြောဖော်ရှိလို့ မပျင်း တော့ဘူးပေါ့"

"ဟုတ်လား၊ ဝမ်းသာလိုက်တာ မောင်ကြီး ရယ်"



"သြော် ... ဒါနဲ့ မင်းတို့တွေက ညီအစ်မ အရင်းတွေလား"

"ဟုတ်တယ်လေ၊ နှမလေးက အကြီးဆုံး၊ မကြီးတဲ့၊ ဟိုမှာက မလတ်၊ မငယ်၊ သူလေး က အငယ်ဆုံး အထွေးလေးတဲ့"

"သြော် ... ဒါကြောင့် ရုပ်ကလေးတွေ ဆင် နေကြတာကိုး"

"ဟုတ်တယ် မောင်ကြီးရဲ့၊ နှမလေးတို့က တစ်ယောက်နဲ့တစ်ယောက် ရုပ်နည်းနည်းဆင် ပေမယ့် နှမလေးတို့ထဲမှာ အချောဆုံးက မကြီး လေး၊ ဟုတ်တယ်မလား မောင်ကြီး"

အထွေးလေးက မကြီးဆီသို့ မျက်လုံးလေး စွေ ကြည့်ကာ ပြောလိုက်ရင်း မောင်ရှင့်ဘက် လှည့်ကာ မေး၏။ မောင်ရှင်က ဘာမှမပြောဘဲ အရှက်ပြေ ရယ် နေလိုက်တော့၏။ မကြီးက -

"အထွေးလေးကလည်း ..."

ဟု ပြောကာ ရှက်ရွံ့သလို ခေါင်းကလေး ငုံ့

www.burmeseclassic.com

www.burmeseclassic.com



သွား၏။

"ဟော့ … ဒီမှာ ထမင်းဟင်းတွေ ချက်ပြီး သွားပြီ၊ အားလုံး ကျက်ကုန်ပြီ၊ မောင်ကြီးက စောင်းတီးပြမယ်ဆို၊ တီးပြတော့လေ" မလတ်က လှမ်းပြောသည်။

"ဟုတ်တယ် … ဟုတ်တယ်၊ မောင်ကြီး စောင်းတီးပြမယ် မဟုတ်လားဟင်"

အထွေးလေးက ထပ်တောင်းဆိုတာကို သူက ခေါင်းညိတ်ကာ အဖြေပေးလိုက်ရင်း –

"တီးပြပါ့မယ်ဗျာ"

သူ့စကားဆုံးသည်နှင့် ညီအစ်မလေးယောက်၏ မျက်နှာများ ဝင်းလက်သွားကာ ပြုံးရယ်ဝဲ့ကြသည်။ မောင်ရှင်သည် စောင်းကလေးကို ပေါင်ပေါ်ပြန်တင်လိုက်ပြီး လက်ချောင်းကလေးများဖြင့် တို့ထိလှုပ်ခတ်လိုက်၏။ စောင်းသံသည် သာယာချိုအေးစွာ ငြိမ့်ငြိမ့်ညောင်းညောင်း ထွက်ပေါ်လာ၏။

နားဝင်ပီယံရှိလှသော စောင်းသံအောက်တွင်



သူတို့ ကြည်ကြည်နူးနူး နစ်မျောပျော်ဝင်နေကြသည်။ အထွေးလေးက စည်းချက်လိုက်သလို လက်ကလေးကို ကြမ်းပြင်ပေါ်တွင် တဒေါက်ဒေါက်ခေါက်ရင်း ခေါင်းကလေး တညိတ်ညိတ်နှင့် စောင်းသံကို ခံစားနေသည်။ မလတ်နှင့် မငယ်ကတော့ မျက်လုံးလေးများကို မှိတ်ထားလိုက်ပြီး စောင်းသံအောက်တွင် ယစ်မူးသာယာစွာ နားဆင်၏။ မကြီးကတော့ ရီဝေသော မျက်လုံးလေးများဖြင့် စောင်းတီးနေသော မောင်ရှင်၏ လက်ချောင်းကလေးများကို စိုက်ကြည့်နေ၏။ သူမ နှုတ်ခမ်းတို့သည် ခပ်ဖွဖွပြုံးကာ စည်းချက်အတိုင်း လက်ဖဝါးလေးများက သူမပေါင်ကလေးသို့ ဖွဖွညင်သာ ကျရောက်၏။ လက်ဝါးရိုက်ချက်အတိုင်း ခေါင်းကလေးကိုလည်း ညိတ်၏။ မောင်ရှင်သည် စောင်းကို စိတ်ပါလက်ပါ တီးနေသည်။ မိန်းမချောလေး လေးယောက်ကလည်း စောင်းသံကို စိတ်ပါလက်ပါ ခံစားနားဆင်သည်။

အချိန်သည် တရွေ့ရွေ့ ကုန်လွန်လာခဲ့ရာ

www.burmeseclassic.com

www.burmeseclassic.com



နေမွန်းတည့်ချိန်သို့ပင် ရောက်လာခဲ့တော့သည်။ စောင်းသံလေးသည် ငြိမ့်ခနဲ ပြီးဆုံးသွားခဲ့ပေပြီ။ တိခနဲ တိတ်ဆိတ်သွားသော စောင်းသံကြောင့် မိန်းမချောလေးလေးယောက်သည် ခုမှ သတိပြန်ဝင်လာသူတွေလို မောင်ရှင်ကို ဖျတ်ခနဲ ကြည့်ကြသည်။ ပြီးမှ တဖြည်းဖြည်း ပြုံးရယ်လိုက်ကြကာ တဖြောင်းဖြောင်း လက်ခုပ်တီးကြသည်။ ထို့နောက် မကြီးက –

"အရမ်းနားထောင်လို့ကောင်းတာပဲ မောင်ကြီးရယ်၊ နှမလေးတို့ မောင်ကြီး စောင်းသံအောက်မှာ နစ်မျောသွားလိုက်တာ စောင်းသံရပ်လိုက်မှပဲ သတိပြန်ဝင်တော့တယ်"

"ဟုတ်တယ် မောင်ကြီးရဲ့ယ်၊ အထွေးလေးကတော့ ဒီစောင်းသံလေးကို နောက်တစ်ခါ ထပ်နားမထောင်ရမှာတောင် စိုးရိမ်မိတယ်"

"ဟုတ်တယ် ဟုတ်တယ်၊ မလတ်နဲ့ မငယ်လည်း ဒီအတိုင်းပဲ၊ မထွေးလေး ပြောသလိုပဲ၊ စောင်းသံလေး ထပ်မကြားရမှာ ကြောက်နေမိတယ်ကွယ်"



"ဟုတ်ပါတယ် မောင်ကြီးရယ်၊ နှမလေးတို့ ညီအစ်မတွေကတော့ မောင်ကြီးရဲ့ စောင်းသံလေးကို စွဲလန်းနေမိကြပြီ သိလား"

မကြီးက ရယ်မောကာ နူးညံ့ချိုသာသော အသံလေးဖြင့် ပြောလေသည်။ မောင်ရှင်သည် သူ့စောင်းသံလေးကို နှစ်သက်သည်ဆိုသောကြောင့် ကြည်နူးမိရသည်။ မိမိဖန်တီးလိုက်တဲ့ အနုပညာကို ခံစားသူသဘောကျ စွဲလန်းသည်ဆိုသဖြင့် အလွန်အမင်း ဝမ်းမြောက်နေမိတော့၏။ မောင်ရှင်က သူ့နှုတ်ခမ်းများကို အပြုံးတစ်ခု ဆင်မြန်းလိုက်ကာ မိန်းမချောလေးများကို ဝေ့ကြည့်လိုက်ရင်း ...

"ဒါဆိုရင်တော့ ကျုပ် ဒီမှာနေတုန်းအချိန်မှာ လှေစောင့်ရမှာဆိုတော့ ကျုပ်တို့အဖွဲ့ မျှောခုတ်သွားတဲ့အချိန်ကျရင် မင်းတို့ ငါ့ဆီလာခဲ့ပေါ့၊ ငါ စောင်းတီးပြမယ်လေ"

"မောင်ကြီးတကယ်ပြောတာလားဟင်၊ နှမ

www.burmeseclassic.com

www.burmeseclassic.com



လေးတို့က တကယ်လာမှာနော်"

မကြီးက သေချာအောင် ထပ်မေးသည်။

"တကယ်ပြောတာပါဗျာ၊ အဟုတ်ပါတဲ့"

"ဟေး ... ပျော်လိုက်တာ၊ မောင်ကြီးက တကယ်သဘောကောင်းတယ်"

အငွေးလေးက ဝမ်းသာအားရ ထအော်သည်။ မိန်းမချောလေး လေးယောက်စလုံး တကယ်ပင် ဝမ်းသာ ကြည်နူးသွားဟန်ဖြင့် ပြုံးရယ်နေကြသည်။

"မကြီးရေ ... နေစောင်းနေပြီနော်၊ ပြန်ကြစို့လေ"

မငယ်က သတိပေးသလို လှမ်းပြောလိုက်သည်။

"ဟယ် ... ဟုတ်ပါရဲ့၊ နေတောင် တော်တော် စောင်းနေပြီပဲ"

မကြီးက နေရောင်ကို တစ်ချက်ကြည့်လိုက်ကာ စိုးရိမ်သလို ပြော၏။ ထို့နောက် မောင်ရှင်ကို လှမ်းကြည့်လိုက်ပြီး ...



"မောင်ကြီးရေ ... နှမလေးတို့ ပြန်တော့မယ်နော်၊ နောက်နေ့ကျရင်တော့ တကယ်လာခဲ့မှာနော်"

"ဟင် ... ပြန်တော့မလို့လား၊ ဘာဖြစ်လို့လဲ၊ နေပါဦး"

"နေလို့မရတော့ဘူး မောင်ကြီးရေ၊ ဟို ... ဟို နှမလေးတို့ ထွက်လာတာလည်း ကြာပြီဆိုတော့ အိမ်မှာ အဘက စိတ်ပူနေမှာ စိုးလို့လေ"

"ဟုတ်လား ... အင်းလေ၊ ဒါဆို ပြန်ကြပေါ့၊ ဩော် ... ဒါပေမဲ့ မနက်ဖြန်ကျရင်တော့ ဆက်ဆက်လာခဲ့ရမယ်နော်"

ပြောပြီးမှ မောင်ရှင်က ရှက်ရွံ့သွားသလို ခေါင်းကို ငုံ့ကာ တစ်ချက်ပြုံးလိုက်သည်။ ပြီးမှ-

"မင်းတို့လာတာ ငါ့အတွက် ပျော်စရာကောင်းပါတယ်"

ဟု တိုးတိုးလေး ဆက်ပြော၏။ မိန်းမချောလေး

www.burmeseclassic.com

www.burmeseclassic.com



တွေက ဒီတစ်ခါ မရယ်ကြတော့။ သူ့ကို ပြုံးလို့သာ စိုက်ကြည့်နေသည်။

"အင်းပါ ... ဆက်ဆက်လာခဲ့ပါ့မယ် မောင်ကြီးရယ်၊ ဒါပေမဲ့ နှမလေးတို့ကို မောင်ကြီး ကတိတစ်ခုတော့ ပေးရမယ်"

မကြီးက အသံအေးအေးလေးဖြင့် နူးနူးညံ့ညံ့ ပြော၏။

"ဘာကတိလဲဟင်"

မောင်ရှင် နားမလည်သလို ကြည့်ကာ မေးလိုက်သည်။

"နှမလေးတို့ ဒီကိုလာတာကို မောင်ကြီး ဘယ်သူ့မှ လျှောက်မပြောပါဘူးဆိုတဲ့ ကတိပေါ့၊ မောင်ကြီး ပေးမယ်မဟုတ်လားဟင်"

မောင်ရှင်က အံ့သြသလို ခေတ္တငိုင်ကြည့်နေသည်။ မျှော်လင့်တကြီးနှင့် မေးနေသော မကြီး မျက်နှာလေးသည် ဖျတ်ခနဲ ညှိုးသွား၏။ ပြီးမှ လေသံတိုးတိုးဖြင့် -



"မောင်ကြီး ကတိမပေးနိုင်ရင်တော့ နှမလေးတို့ မလာတော့ပါဘူး"

ဟု စိတ်မကောင်းသလို ပြောသည်။

"ကျုပ် ကတိပေးပါတယ်ဗျ၊ ကျုပ် ဘယ်သူ့ကိုမှ မပြောပါဘူး"

မောင်ရှင်က ပျာပျာသလဲ ပြောလိုက်သည်။ အဲဒီအခါကျမှ မကြီးတို့ ညီအစ်မ မျက်နှာများ ချက်ချင်း ဝင်းလဲ့သွားတော့၏။

"ကျေးဇူးတင်ပါတယ် မောင်ကြီးရယ်၊ လူတွေ သိသွားရင် နှမလေးတို့ မလာရတော့မှာစိုးလို့ ကတိတောင်းမိတာပါ"

"ရပါတယ်ဗျာ၊ ကျုပ် နားလည်ပါတယ်"

"ဒါဆို နှမလေးတို့ သွားတော့မယ်နော် မောင်ကြီး"

"ဩော် ... နေဦး၊ ကျုပ် လိုက်ပို့ပေးပါ့မယ်၊ ခဏလေး စောင့်နော်၊ ကျုပ်စောင်းလေး အခန်းထဲ ပြန်သိမ်းလိုက်ဦးမယ်၊ ခဏလေး ...

www.burmeseclassic.com

www.burmeseclassic.com



ခဏလေး''

မောင်ရှင် ပြောရင်းဖြင့် စောင်းကလေးကို ယူကာ အခန်းထဲ ပြေးဝင်ခဲ့သည်။ နေသားတကျ စောင်းကို ဝှက်ပြီးတော့မှ ပြန်ထွက်လာခဲ့တော့၏။ စောင်းကို ဝှက်ထားမှဖြစ်မည်။ လှေသူကြီး ဦးကြီးဘဖေက စောင်းမတီးရဘူးဟု မှာထားသောကြောင့် ဖြစ်၏။ ဦးကြီးဘဖေသာ သူ စောင်းခိုးတီးတာကို သိသွားရင်တော့ ဆူနေဦးမည်။ ထို့ကြောင့် စောင်းကို အသေအချာပင် ဝှက်ထားခဲ့ရသည်။ လှေရှေ့ရောက်တော့ ဟိုမိန်းမချောလေးတွေကို မတွေ့ရတော့ပေ။

''ဟင် ... ဘယ်ရောက်သွားကြတာလဲ''

သူက ဘေးဘီဝဲယာ လှည့်ပတ်ကြည့်ရှုရင်း လှေအောက်ကိုပင် ငုံ့ကြည့်လိုက်သည်။ မတွေ့။

''ခဏလေးစောင့်ပါဆိုတာ မစောင့်ကြဘူး၊ ပြန်သွားကြတာ မြန်လိုက်တာ''

ဟု တီးတိုးရေရွတ်လိုက်ရင်း မိန်းမလှကျွန်းဆီသို့ လှမ်းကြည့်လိုက်မိသည်။ မိန်းမလှကျွန်းကြီးကတော့



ဆိတ်ဆိတ်ငြိမ်သက်စွာ သူ့ကို ပြန်လည် ကြည့်ရှုနေတော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၇)

"ဟိုမှာ မောင်ရှင်တစ်ယောက် ပျင်းနေပြီထင်တယ်၊ ငှငှကြီး ထိုင်လို့"

လှေဦးထိပ်တွင် ထိုင်ငေးနေသော မောင်ရှင်ကို ဖိုးတုတ်က လှမ်းပြရင်း ကံလှအား ပြောလိုက်သည်။ မောင်ရှင်က မျှောခုတ်ရာမှ ပြန်လာပြီဖြစ်သော သူကို့ အဖွဲ့ကို တွေ့မြင်ပုံမရ။ ဘာတွေငေးကာ တွေးနေမှန်းမသိ၊ ငြိမ်ချက်သား ကောင်းနေသည်။

"ဟေ့ ··· မောင်ရှင်၊ ငါတို့ပြန်လာပြီကွ"

ကံလှက လှမ်းအော်ပြောလိုက်သည်။ အော်သံကြားလိုက်၍ မောင်ရှင် လှမ်းကြည့်မိ၏။ ပြန်လာပြီဖြစ်သော အဖွဲ့ကို လှမ်းတွေ့လိုက်၍ သူ ပြုံးရယ်ကာ



လက်လှမ်းပြသည်။ အနားရောက်တော့ ကံလှက မောင်ရှင်ပခုံးကို လှမ်းပုတ်လိုက်ရင်း မေးသည်။

"ဟေ့ကောင် ··· ငူငူငိုင်ငိုင်ကြီးထိုင်လို့ ပျင်းနေပြီလားကွ"

"မပျင်းပါဘူးကွာ"

မောင်ရှင်က ပြောလိုက်ရင်း စိတ်ထဲ ကျိတ်ရယ်မိ၏။ ငါ့မှာ ပျင်းဖို့တောင် အချိန်မရပါဘူးကွာဟု ကံလှကို စိတ်ထဲမှပင် ပြောလိုက်မိတော့သည်။

"အေး ··· မသိပါဘူးကွာ၊ မင်းတစ်ယောက်တည်း ငေးငိုင်နေတာတွေ့လို့ ငါ မေးကြည့်မိတာ"

"အင်း ··· ဒီလိုပါပဲ၊ ဟိုတွေး ဒီတွေးနဲ့ လျှောက်ငေးနေတာပါကွာ"

"ဟား ··· မိုက်ဆာလာပြီကွ၊ မင်း ထမင်းချက်ထားတား"

ကံလှက မိုက်ကလေးကို ပုတ်ကာ မေး၏။

"ချက်ထားရတာပေါ့ကွ၊ မချက်လို့ ဖြစ်မလား၊

www.burmeseclassic.com

www.burmeseclassic.com



မချက်ရင် ဦးကြီးဘဖေရော၊ တစ်လှေသားလုံး ငါ့ကို ပြောကြမှာပေါ့ကွ၊ လာ ... ထမင်း သွားစားကြမယ်၊ ငါလည်း မင်းတို့ကို စောင့်နေတာ"

မောင်ရှင်က ပြောလည်း ပြောရင်း လှေနောက်ဘက်ဆီသို့ လှမ်းဝင်လာခဲ့သည်။ ထို့နောက် ချက်ထားသော ထမင်းဟင်းများကို ဆာလာပြီဖြစ်သော အဖွဲ့အား ခူးခပ်ကျွေးလိုက်တော့သည်။

"ဟာ ... မောင်ရှင်၊ မင်းချက်တဲ့ ထမင်းတွေ ဟင်းတွေက တယ်ကောင်းပါလားကွ"

"ဟုတ်ပါ့ဗျာ၊ နတ်သုဒ္ဓါတွေလားတောင် မှတ်ရတယ်"

"ဟုတ်တယ်ဗျို့၊ မောင်ရှင် ဒီလောက် ထမင်းဟင်း ချက်ကောင်းတာ ခုမှပဲ သိရတော့တယ်"

တစ်ယောက်တစ်ပေါက် ဝိုင်းချီးကျူးကြသံများနှင့် ညံသွားတော့သည်။ မောင်ရှင်က ကျိတ်ရယ်လိုက်မိပြန်သည်။ ကျုပ်ချက်ထားတဲ့ ပျော့စိစိ ထမင်းပြဲပြဲ



ကိုသာ စားရရင် ခင်ဗျားတို့ ဒီလောက် ချီးကျူးနိုင်မှာ မဟုတ်ပါဘူးဟု တွေးမိကာ ပြုံးမိ၏။

"အေးကွ မောင်ရှင်ရ၊ မင်းချက်ထားတာ တကယ်ကောင်းတယ်ကွာ၊ ငါတော့ ဆာဆာနဲ့ စားလိုက်တာ တော်တော်တောင် ဗိုက်အင့်သွားပြီ၊ မင်းကို နေ့တိုင်း ထမင်းချက်ဖို့ တာဝန်ပေးရမယ်၊ အားလုံးသဘောတူကြလားဟေ့"

ဦးကြီးဘဖေက မောင်ရှင်ကို ပြောကာ အဖွဲ့အား လှမ်းမေးလိုက်သည်။

"တူပါတယ်ဗျို့"

အားလုံး တခဲနက် ထအော်သည်။

"ကျုပ်ကတော့ဗျာ အိမ်ကမိန်းမကိုတောင် ပြေးပြေးပြီး ရိုက်ချင်လာတော့တယ်"

တစ်ယောက်က ထမင်းကို ပလုတ်ပလောင်း စားရင်း ပြောသည်။

"ဟာ ... ဘာဖြစ်လို့လဲဗျ"

အခြားတစ်ယောက်က စူးစမ်းသလို မေးတော့

www.burmeseclassic.com

www.burmeseclassic.com



ခုနပြောသူက ဝါးနေသော ထမင်းလုတ်ကို မျိုချလိုက်ရင်း -

"ကျုပ်တစ်သက် ဒီလောက်ကောင်းတဲ့ လက်ရာမျိုး ခုမှ စားဖူးရတာပါလားဆိုပြီး ရင်နာလွန်းလို့ ထမင်းဟင်းချက်မကောင်းတဲ့ အိမ်က မိန်းမကို ပြေးရိုက်ချင်လာရတာပဲဗျို့"

ထိုသူစကားဆုံးတော့ အားလုံး သဘောကျစွာ ဝိုင်းရယ်ကြ၏။ မောင်ရှင်လည်း လိုက်ရယ်မိသည်။ ရယ်နေရင်းမှ ထိတ်ခနဲ စိတ်ပူသွားရသေးသည်။ ဒုက္ခပါပဲ။ ဟိုမိန်းမချောလေးတွေ မနက်ဖြန် ရောက်မလာခဲ့ရင် ဘယ်လိုလုပ်မလဲ။

"မင်းလက်ရာ တကယ်ကောင်းတာပဲကွ၊ မင်းအမေတော့ သားလက်ရာ ထမင်းဟင်းကောင်းကောင်းတွေ နေ့တိုင်းစားရမှာပဲနော်"

ကံလှကပါ ဝင်ပြောတော့ မောင်ရှင်က မလုံသလို အရှက်ပြေ ရယ်လိုက်သည်။ ထို့နောက် ကံလှနှင့် လှေရှေ့သို့ လျှောက်လာမိသည်။



"တော်ပါသေးတယ်၊ မင်းအတွက် ငါအခုမှ စိတ်အေးရတော့တယ်ကွာ၊ မင်း ဒီခရီးကို အတင်းလိုက်လာတာကိုး၊ ငါ ခေါ်လာမိပြီးမှ စိတ်ပူနေမိတာ၊ မင်းအမေကလည်း ငါ့ကို သေသေချာချာ အပ်ထားတာဆိုတော့ ငါ့မှာ မင်းအတွက် နောက်ဆံတင်းနေရတယ်၊ မင်း တစ်ယောက်တည်းနေရင် ဘယ်မှ လျှောက်မသွားနဲ့နော်"

"အေးပါကွာ"

"ကျွန်းပေါ်လည်း တက်မကြည့်နဲ့"

"အေးပါ"

"တစ်ယောက်တည်းနေရတာဆိုတော့ အနေအထိုင်အပြောအဆိုကအစ သတိထားပါကွာ"

"အေးပါ ... စိတ်ချပါကွာ"

"မင်းတို့က အမေတစ်ခု သားတစ်ခုမဟုတ်လား၊ မင်း တစ်ခုခုဖြစ်သွားရင် မင်းအမေတော့ ရင်ကွဲရလိမ့်မယ်၊ ငါက မင်းအတွက်

www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်လို့ သတိပေးတာ''

''အေးပါ ကံလှရယ်၊ မင်းပြောတာကြီးကလည်း ငါက တစ်ခုခုဖြစ်တော့မှာ ကျနေတာပဲ၊ မင်းကလည်း နိမိတ်မရှိ နမာမရှိတဲ့ စကားတွေ မပြောပါနဲ့''

''သြော် …အေး၊ ငါ စိုးရိမ်လွန်ပြီး စကားပြော လောသွားတယ်ကွာ''

''ရပါတယ်ကွာ၊ မင်းစေတနာကို ငါ နားလည်ပါတယ်၊ မင်း ငါ့ကိုစိတ်မချ ဖြစ်မနေပါနဲ့တော့၊ မင်းအလုပ်သာ ဖြောင့်ဖြောင့်လုပ်ပါကွာ၊ သြော် … ဒါနဲ့ မင်းတို့ ဒီနေ့တော်တော်များများ ရရဲ့လားကွ''

မောင်ရှင်က သစ်ခုတ်တာ အဆင်ပြေရဲ့လားဟု မေးခြင်းဖြစ်သည်။

''အေးကွ၊ ဒီကျွန်းမှာ သစ်တော်တော်ပေါတာပဲ၊ ဒီနေ့လည်း ဆက်မခုတ်နိုင်တော့လို့သာ ထားခဲ့ရတာ၊ ဒီပုံအတိုင်းဆို တို့တွေ ငွေများများ



ရပြီပေါ့ကွာ''

ကံလှစကားကို ကြားတော့ မောင်ရှင်က ဝမ်းသာသွားသလို ပြုံးလိုက်သည်။ ကောင်းတယ် ကောင်းတယ်။ သစ်များများခုတ်လို့ရမှ ငွေများများရမှာ။ ငွေများများရတော့ သူ့မျှော်လင့်ချက် အိပ်မက်လေးတွေ အရောင်တောက်လာတော့မှာပေါ့။

''ဒီကပြန်ရင် မင်း ဘာလုပ်မယ်လို့ စိတ်ကူးထားလဲဟင်''

ကံလှက ကျောက်ဆိုင်လေးများတို့ ပွတ်တိုက်ကျီစယ်ကာ ပြန်လည်ထွက်ခွာသွားသော လှိုင်းကလေးများကို ငေးမောကြည့်နေရာမှ မျက်လုံးလွှဲကာ သူ့ကိုကြည့်ရင်း မေးသည်။ လှေဦးထိပ်တွင် ထိုင်ကာ စကားပြောနေကြသော သူတို့မျက်နှာပေါ်သို့ ပင်လယ်လေနုအေးများက ဖြန်းခနဲ ပွတ်တိုက်သွားပြန်သည်။ လေနုအေး၏ အေးစက်သော အထိအတွေ့ကို မောင်ရှင်က ကျေနပ်စွာ ခံယူရင်း ပြုံးလိုက်သည်။ ပြီးမှ ကံလှကို လှည့်ကြည့်ကာ -

www.burmeseclassic.com

www.burmeseclassic.com



"ဒီကပြန်ရင် ငါက ငါ့အိမ်လေးကို ပြန်ပြင်ဆောက်ရမယ်ကွ၊ မင်းမြင်တဲ့အတိုင်းပဲ အိမ်ကတော်တော်ယိုင်နေပြီကွ၊ ရှိစုမဲ့စုလေးနဲ့ ဝယ်ထားပြီးကတည်းက တစ်ခါမှ ပြန်မပြင်ဆောက်ရသေးဘူး မဟုတ်လား"

"အေး ... ဟုတ်တယ်ကွ၊ မင်းအမေလည်း အသက်ကြီးပြီဆိုတော့ အတက်အဆင်းတွေ ဘာတွေ ချော်လဲနေဦးမယ်၊ ကောင်းတယ် ... မင်းအိမ်လေးကို ပြန်ပြင်ဆောက်လိုက်၊ ဒါမှ မင်းအမေလည်း စိတ်ချမ်းသာသွားမှာ"

"နောက်ပြီး ငါ့အမေကို ရဟန်းအစ်မကြီးလည်း ဖြစ်စေချင်သေးတယ်ကွ၊ ငါ ခုထိ ရှင်သာမဏေ မဝတ်ရသေးဘူးလေ၊ ဒီက ပြန်ရင်တော့ ရှင်သာမဏေ ဝတ်ရမယ်ကွ"

"ကောင်းပါတယ်ကွာ၊ မင်း စိတ်ကူးထားတဲ့အတိုင်း လုပ်ပေါ့၊ ငါလည်း မင်းစိတ်ကူးကို အားကျပြီး မင်းနဲ့အတူ ရဟန်းလိုက်ဝတ်ရင်



ကောင်းမလားလို့"

"ကောင်းတာပေါ့ကွာ၊ မွန်မြတ်တဲ့အလုပ်ပဲ၊ တို့သူငယ်ချင်းနှစ်ယောက် တူတူဝတ်ကြတာပေါ့ကွာ"

သူတို့နှစ်ယောက် ကြည်ကြည်နူးနူးလေး ပြုံးလိုက်မိကြသည်။ ထို့နောက် မိန်းမလှကျွန်းကြီးရှိရာသို့ ဘာရယ်မဟုတ်ဘဲ ငေးနေမိကြသည်။ နေစောင်းချိန်ဖြစ်၍ မိန်းမလှကျွန်းကြီးသည် နေရောင်ရသော အခြမ်းသည် လင်းပြီး နေရောင်မရသော တခြားဘက်သည် မှောင်မိုက်၍ နေ၏။

"ကဲလှ ... အဲဒီကျွန်းပေါ်မှာ တော်တော်သာယာလားကွ"

မောင်ရှင်က ကျွန်းကြီးကို ကြည့်နေရင်းမှ မေးသည်။ အဲဒီကျွန်းပေါ်တွင် ထိုမိန်းမချောလေးတွေ နေသည်ဟု ပြောသည်။ ဒါပေမဲ့ သူ ကြည့်ရတာတော့ လူရိပ်လူခြေ တစ်ယောက်တလေတောင် မတွေ့ရ။ အင်းလေ ... ဟုတ်ချင်လည်း ဟုတ်မှာပေါ့။ တော

www.burmeseclassic.com

www.burmeseclassic.com



ဟာ မတွေ့ရပေမယ့် ကျွန်းရဲ့အတွင်းပိုင်းမှာ လူတွေရှိရင် ရှိနေမှာပဲ။ ကံလှကို မေးကြည့်ရင် ကောင်းမလား။ ဟာ ... မေးလို့မဖြစ်သေးပါဘူး။ ဟိုမိန်းမချောလေးတွေက ငါ့ကို မပြောဖို့ ကတိတောင်းထားတာပဲ။ ငါမေးလိုက်လို့ ကံလှ ရိပ်မိသွားဦးမယ်။ မမေးတော့ပါဘူး။

ကံလှက မောင်ရှင့်အမေးကြောင့် မောင်ရှင့်ကို လှည့်ကြည့်လာသည်။ ဒီကောင် ဘာဖြစ်လို့မေးတာလဲ။ ကျွန်းပေါ် တက်ကြည့်ချင်လို့များလား။ ဟာ မဖြစ်ဘူး။ သူ ကျွန်းပေါ်တက်ကြည့်လို့ မဖြစ်ဘူး။ ကိုစံမြပြောထားတာ ကျွန်းပေါ်မှာ အစိမ်းသေ လေးယောက်ရှိတယ်တဲ့။ သူ ကျွန်းပေါ်တက်ကြည့်နေလို့ ကျွန်းစောင့်တွေ မကြိုက်တာ တစ်ခုခုလုပ်မိမှ အခက်ပဲ။ ငါ သူ့ကို အစိမ်းသေလေးယောက်အကြောင်း ပြောပြလိုက်ရင် ကောင်းမလား။ အို ... မပြောတော့ပါဘူး။ ဒီကောင်က စူးစူးစမ်းစမ်း တကယ်တက်ကြည့်နေမှာ။ မပြောတာဘဲ ကောင်းတယ်။



"ဟော့ ... ကံလှ၊ ဘာတွေ တွေးနေတာလဲ၊ ငါမေးတာ ကြားရဲ့လား"

မောင်ရှင်က မျက်လုံးကြီးပြူးကာ အတွေး နက်နေဟန်ရှိသော ကံလှကို လှမ်းပုတ်ရင်း မေးလိုက်၏။

"ဩော် ... အေး၊ ကြားပါတယ်၊ ငါ အတွေး လွန်သွားလို့၊ ဒီကျွန်းလား ... မသာယာပါဘူးကွာ၊ တောကောင်တွေ ဘာတွေလည်း ပေါ်မှုပေါပဲ၊ ငါမင်းကို ပြောထားမယ်နော်၊ ဒီ ကျွန်းပေါ် လုံးဝတက်မကြည့်ရဘူး၊ အဲဒီကတိ ငါ့ကိုပေးရမယ်"

"ဘာဖြစ်လို့လဲကွ၊ ငါကဘာလို့ ကတိပေးရမှာလဲ"

မောင်ရှင်က နားမလည်သလို ကြည့်ကာ ပြော၏။

"ငါ မင်းကို စိတ်မချလို့ကွ၊ ကျွန်းပေါ် တက်မကြည့်ပါဘူးဆိုတဲ့ ကတိကိုပေးမှ ငါ စိတ်အေးရမှာ၊ မင်း ငါ့ကို အဲဒီကတိတော့ ပေး

www.burmeseclassic.com

www.burmeseclassic.com



ကွာ”

“သြော် … ကံလှရယ်၊ မင်း ငါ့ကို တော်တော်စိုးရိမ်တာပဲနော်၊ အေးပါ … ငါ ပေးပါတယ်၊ ငါ ဒီလှေပေါ်ကနေ တစ်လက်မတောင် မရွှေ့စေရပါဘူးကွာ”

“ကောင်းပြီ သူငယ်ချင်း၊ ငါ မင်းကို စိတ်ချလိုက်တော့မယ်၊ မင်း ကတိတည်ပါနော်”

“အေးပါ သူငယ်ချင်းရယ်၊ ငါ ကတိကို မပျက်စေရပါဘူးကွာ”

သူငယ်ချင်းနှစ်ယောက် ပြိုင်တူပြုံးလိုက်မိကြတော့သည်။ ဆားနံ့သင်းသော ပင်လယ်လေသည် တသွဲ့သွဲ့ တိုက်ခတ်နေလေသည်။ မိန်းမလှကျွန်းခေါ် ကျွန်းညိုကြီးသည် လုံး၀ မှောင်မိုက်သွားကာ မည်းမည်းသဏ္ဌာန်အရာကြီးတစ်ခုအဖြစ်သာ မြင်ရတော့သည်။ နေလုံးသည် ပင်လယ်တွင်းသို့ စုန်းစုန်းမြုပ်ကွယ်သွားကာ ဖြာထွက်ကျနေသော အလင်းရောင်သည်လည်း တစ်စတစ်စ လျော့နည်းပျောက်ကွယ်သွားပြီ ဖြစ်တော့သည်။ ကောင်းကင်ပြင်မှ ခပ်ရေးရေးသာ မြင်ရသော လမင်းသည် အစွမ်းကုန် ထွန်းလင်းတောက်ပတော့မည့်ဟန် တာဆူ၍နေပေပြီ။ ပင်လယ်လှိုင်းဖွေးဖွေးလေးများသည် ဟိုအဝေးဆီမှ တလိမ့်လိမ့် ပြေး၍ ပြေး၍ လာနေသည်။ ကျောက်ဆိုင်ကျောက်ခဲကြီးများက သူတို့ဆီ ပြေး၍လာနေသော လှိုင်းကလေးကို မမှုဟန် မတုန်မလှုပ်ဘဲ ရှိနေ၏။



မောင်ရှင်နှင့် ကံလှသည် လှေဦးစွန်းတွင် ထိုင်ကာ ငေးနေမိသည်။ မောင်ရှင်က တစ်စုံတစ်ရာကို တွေးမိသည့်ဟန်ဖြင့် ပြုံးသည်။ ထို့နောက် မလုံမလဲ ကံလှကို ကြည့်သည်။ ကံလှက သူပြုံးတာကို မတွေ့ပါ။ တဝုန်းဝုန်း ရိုက်ခတ်လာသော လှိုင်းကလေးများကို ငေးနေသည်။ ကျောက်ဆောင်ကြီးများ၏ မယိုင်မလဲ ကြံ့ကြံ့ခိုင်နိုင်ပုံကို စိတ်ပျက်သွားဟန်ဖြင့် လှိုင်းကလေးများ ပြန်လည်ထွက်ပြေးသွားတော့သည်။ ရေလှိုင်းလေးများ၏ အသံဗလံများ၊ ဝိုင်းဖွဲ့ပြောနေသော စကားသံများက ချဉ်းနင်းဝင်ရောက်လာသော အမှောင်

www.burmeseclassic.com

www.burmeseclassic.com



ထုကို လျစ်လျူရှုထားလိုက်ကြတော့သည်။ အမှောင်တိုက်သည် တိတ်တဆိတ်သာ ဝင်ရောက်လာပေတော့သည်။

* * *



## အခန်း(၈)

နောက်တစ်နေ့နံနက်တွင် သစ်ခုတ်အဖွဲ့ ထွက်သွားသည်နှင့် ထိုမိန်းမချောလေး လေးယောက်ကို မျှော်နေမိတော့သည်။ အချိန်တော်တော်ကြာလာသော်လည်း ထိုမိန်းမချောလေးများ၏ အရိပ်အယောင်ကိုသော်မျှ မမြင်ရသေးပေ။ မလာတော့ဘူးဖြစ်မယ်ဟု တွေးမိကာ ထမင်းချက်ရန် လှေနောက်သို့ ဝင်လာခဲ့မိတော့သည်။ မီးဖိုပေါ် ထမင်းအိုးတင်ပြီးသည်အထိ ရောက်မလာကြသေး၍ သူ စိတ်ပျက်လက်ပျက်ပင် ဖြစ်သွားမိသည်။ စိတ်ပြေလက်ပျောက် စောင်းတီးရန် တွေးမိသွားကာ စောင်းကို ထုတ်ယူ၍ ထမင်းအိုးဘေးမှာပင် တီးနေမိတော့သည်။ စောင်းသံသည် ငြိမ်သက်တည်ငြိမ်မှု မရှိ

www.burmeseclassic.com

www.burmeseclassic.com



သော သူ့စိတ်အာရုံကြောင့် နူးညံ့ချိုလွင်မှုမရှိဘဲ ကပေါက်တိကပေါက်ချာ အသံများသာ ထွက်လာသည်။

"အို … ဘယ်လိုဖြစ်ရတာလဲ၊ စောင်းသံက သာသာယာယာ မရှိပါလား"

စကားသံနှင့်အတူ ရယ်သံများကိုပါ နောက်ဆက်တွဲ ကြားလိုက်ရတော့သည်။

မိန်းမချောလေးတွေ ရောက်လာကြပေပြီ။ သူ ထိတ်ခနဲ ဝမ်းသာသွားရကာ ပြုံးဖြစ်လိုက်သည်။

"ပြောပါဦး မောင်ကြီးရဲ့၊ စောင်းသံက ဘာကြောင့် နူးညံ့မှု မရှိရတာလဲလို့"

"ဘာလဲ … နှမလေးတို့ မလာတော့ဘူး ထင်ပြီး မောင်ကြီး စိတ်မကြည်မလင်ဖြစ်ပြီး တီးနေလို့မှတ်လား"

"ဟုတ်မယ် အထွေးလေးရဲ့၊ ကြည့်ပါလား၊ မျက်နှာကြီးက မှုန်ကုပ်နေတာပဲလေ"

တစ်ယောက်တစ်ပေါက် ပြောလိုက်ကြသည်။



"ငါက မင်းတို့မလာတော့ဘူးလို့ ထင်နေတာ"

"မောင်ကြီးက နှမလေးတို့ကို ပေးထားတဲ့ ကတိတည်တယ်လေ၊ ဒါကြောင့် နှမလေးတို့ လာကြတာပေါ့"

မငယ်က ပြောခြင်းဖြစ်သည်။

"ငါ ကတိတည်မှန်း မင်းတို့ ဘယ်လိုသိတာလဲဟင်"

"သိတာပေါ့ မောင်ကြီးရဲ့၊ မောင်ကြီးသာ ကတိမတည်ခဲ့ရင် ခုချိန်ဆို မောင်ကြီးတို့ လှေသားတွေ နှမလေးတို့ကို စောင့်ကြည့်နေမှာပေါ့၊ ခု ဘယ်သူမှ မရှိဘဲ အကုန် မှောခုတ်သွားနေကြတယ်ဆိုတော့ မောင်ကြီး ကတိတည်လို့ပဲ ဖြစ်မှာပေါ့နော်"

"မငယ်ပြောတာ မှန်တယ်၊ မောင်ကြီးက ကတိတည်မယ့် လူမျိုးဆိုတာ အထွေးလေး သိသားပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ အထွေးလေးရယ်၊ မောင်ကြီးကို မြှောက်မနေနဲ့တော့၊ တို့တွေ မောင်ကြီးကို ထမင်းဟင်းတွေ ဝိုင်းချက်ပေးလိုက်ကြရအောင်လေ၊ ပြီးရင် မောင်ကြီးက တို့ကို စောင်းတီးပြမယ်တဲ့၊ ဟုတ်တယ် မဟုတ်လား မောင်ကြီးရဲ့"

မကြီးက အထွေးလေးကို လှမ်းပြောရင်းနှင့် သူ့ကို မေးသည်။

"ဟုတ်ကဲ့ပါဗျာ … တီးပြပါမယ်"

သူ့စကားဆုံးတော့ လွှင်လွှင်စည်စည်လေး ရယ်မောလိုက်ကြသံများဖြင့် ညံဟိန်းသွားလေတော့သည်။ ထိုနေ့က သူတို့သည် စောင်းတီးရင်း ပျော်ရွှင်စွာ ရယ်မောလိုက်ကြရင်းဖြင့် အချိန်တို့သည် ကုန်လွန်သွားပြန်တော့သည်။ သူတို့၏ ခင်မင်မှုသံယောဇဉ်ကြိုးသည်လည်း တစ်စတစ်စ ရစ်ပတ်တွယ်နှောင်လာခဲ့ရကာ သည်လိုနှင့် တစ်နေ့တွင်တော့ …

"မောင်ကြီးရယ် … ခုဆို မောင်ကြီးတို့



ရောက်တာ တစ်ပတ်လောက်ရှိတော့မယ်၊ မောင်ကြီးတို့ မနက်ဖြန် ပြန်တော့မှာ မဟုတ်လားဟင်"

မကြီးက ညှိုးငယ်ရီဝေဖွာ အဝေးကို ကြည့်နေရင်းမှ မေးသည်။ သြော် … ဘာလိုလိုနှင့် အချိန်တွေက အကုန်မြန်လိုက်တာ တစ်ပတ်လောက်တောင် ရှိသွားပြီပေါ့။ ဟင် … ဒါနဲ့ မနက်ဖြန် ပြန်တော့မှာလို့ မကြီးက ဘာလို့မေးရတာလဲ။

"မသိသေးပါဘူးဗျာ … ကျုပ် ပြန်ရရင်တော့ မင်းတို့ရဲ့ သတိရနေတော့မှာပဲ"

"တကယ်ပြောတာလားဟင်"

မကြီးက လှည့်ကြည့်လာရင်း မေးသည်။ သူက ခေါင်းလေးညိတ် အဖြေပေးမိသည်။ တကယ်ပေါ့ မိန်းမချောလေးရယ် … ငါတို့ ပျော်ရွှင်ကြည်နူးခဲ့ရတဲ့ အချိန်တွေကို ငါ အမြဲသတိရနေတော့မှာပါကွယ်။

"မောင်ကြီး"

www.burmeseclassic.com

www.burmeseclassic.com



အငွေးလေးက တိုးတိုးလေး ခေါ်သည်။ သူတို့တစ်စု အရိပ်ရသော လှေနောက်ပိုင်း ထမင်းချက်ရာ အဆောင်ထဲတွင် စုထိုင်နေကြခြင်းဖြစ်သည်။ မိန်းမချောလေး လေးယောက်သည် ခါတိုင်းနေ့တွေကဲ့သို့ ရွှင်မြူးနေဟန် မရှိဘဲ ညှိုးငယ်ဖျော့တော့နေသည်ဟု ထင်မိသည်။ ဘာကြောင့်များပါလိမ့်။

"နှမလေးတို့နဲ့ တွေ့ရတာ ပျော်ရဲ့လားဟင်"

"အင်း … ပျော်တယ်၊ မင်းတို့က ခင်မင်စရာကောင်းပါတယ်၊ မင်းတို့ ရောက်လာတဲ့အတွက် ငါ မပျင်းရတော့ဘူးပေါ့"

သူ တကယ်ပျော်ရွှင်ကြည်နူးမိခဲ့ရပါသည်။ နံနက်ခင်းတွေတိုင်း သူမလေးတို့ကို သူ မျှော်နေမိတတ်သည်။ သူမတို့ ရောက်လာခဲ့ရင်တော့ ထမင်းဟင်းတွေ ဝိုင်းချက်ပြုတ်ပေးကြ၊ စကြ၊ နောက်ကြနှင့် သူ တီးပြသော စောင်းသံလေးကိုလည်း သူမတို့က နှစ်ခြိုက်စွာ နားထောင်ရင်း ပျော်ရွှင်ချိန်လေးများ ဖြစ်ခဲ့ရသည်။

"နောက်ဆို မောင်ကြီး မပျင်းရတော့ပါဘူးလေ"



မလတ်က ပြုံးစစနှင့် ရေရွတ်သလို ပြောၚ်။ မလတ်ပြောတာ ဘာအဓိပ္ပာယ်လဲ။ နောက်ဆိုတာ သူနေရပ်သို့ ပြန်ရတော့မည်ဖြစ်၍ လှေမစောင့်ရတော့၍ မပျင်းရတော့ဘူးလို့ ပြောတာလား။ ဒါမှမဟုတ် ဘယ်လို အဓိပ္ပာယ်မျိုးလဲ။ သူ နားမလည်။ ထို့ကြောင့် မလတ်ကို မေးရန် ပြင်လိုက်စဉ် …

"မောင်ကြီးတို့ ပြန်ရတော့မယ်နော်၊ နှမလေးတို့ကတော့ မောင်ကြီးရဲ့ စောင်းသံလေးနဲ့ ခွဲရမှာ စိုးရိမ်မိတယ်"

မငယ်က ဝင်ပြောလာသဖြင့် မလတ်ကိုပင် လှမ်းမမေးဖြစ်တော့ဘဲ မငယ်ကို ကြည့်မိသည်။

"မောင်ကြီးရော … နှမလေးတို့နဲ့ မခွဲချင်ဘူး မဟုတ်လားဟင်"

မငယ်က သူ့မျက်လုံးတွေထဲ တည့်တည့်စိုက်ကြည့်ရင်းနဲ့ မေး၏။ သူက မငယ်အမေးကြောင့် ခေါင်းကို ငုံ့ကာ သက်ပြင်းကို ချလိုက်ရင်း …

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်နိုင်ရင်တော့ မင်းတို့နဲ့ မခွဲချင်ပါဘူး ကွာ"

သူ လိုက်လိုက်လှဲလှဲ ဝမ်းနည်းသံကြီးဖြင့် ပြော လိုက်ခြင်းဖြစ်သည်။ သူမတို့နှင့် ခွဲရတော့မည်ဆိုတော့ သူ့စိတ်ထဲ ဝမ်းနည်းလာသလိုကြီး ခံစားနေရသည်။ သူမတို့နဲ့ အတူတူရှိနေခဲ့ချိန်တွေကိုတော့ သူ ပျော်ရွှင် မိခဲ့သား။ ထိုပျော်ရွှင်မှုတွေ ပျောက်ကွယ်သွားရတော့ မည်ဆိုတော့ သူ ဝမ်းနည်းလာမိရသည်ပေါ့။

"စိတ်ချပါ မောင်ကြီးရယ်၊ မခွဲရအောင် နှမလေးတို့ ကြံပါ့မယ်"

သူ အံ့သြစွာနဲ့ပဲ မငယ်ကို ကြည့်နေမိတော့ သည်။ မငယ်က ပြောပြီးပြီးချင်း မျက်နှာပြင်သည် ချက်ချင်းဝင်းလဲ့သွားကာ ပြုံးရယ်လို့ နေ၏။ ထို့နောက် ညီအစ်မလေးယောက် တစ်ဦးကို တစ်ဦးကြည့်ကာ နှုတ်ခမ်းတို့သည် ပြုံးလို့နေကြ၏။

ဒီညီအစ်မတွေ ဒီနေ့ ထူးခြားနေသည်ဟု သူ ထင်မိသည်။ သူ့ကို မေးခွန်းတွေ တစ်ခုပြီးတစ်ခု မေး



လို့။ ပြီးတော့ သူ နားမလည်နိုင်သည့် စကားတွေလည်း ထူးထူးဆန်းဆန်း ပြောလိုပြောကြနှင့် သူကတော့ အံ့သြ ပြီးရင်း အံ့သြလို့သာနေရင်း ငေးမောနေမိပါတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၉)

သူ့အတွက် အံ့သြမှုတစ်ခု ဆက်လက်ဖြစ်ပေါ်စေခဲ့ခြင်းမှာ နောက်တစ်နေ့မနက်မှာပဲ မိမိတို့နေရပ်သို့ ပြန်တော့မည်ဟု ကြားသိလိုက်ရ၍ဖြစ်သည်။ လိုအပ်သော မျှောများကို ခုတ်ယူပြီးစီးသွား၍ မိမိတို့နေရပ်သို့ ပြန်ကြရတော့မည်။ မကြာမီပင် လှေထွက်တော့မည် ဖြစ်သည်။ မိန်းမလှကျွန်းကြီးနှင့် ဝေးရာသို့ သွားရပေတော့မည်။ သူ မိန်းမချောလေး လေးယောက်ကို သတိရလာမိ၏။ မနေ့ကပဲ ခွဲခွာတဲ့အကြောင်းတွေ ပြောကြသေးသည်။ ဒီနေ့တော့ သူတို့ တကယ်ခွဲခွာကြရဘော့မှာပါဟူသော အတွေးကြောင့် သူ စိတ်မကောင်းဖြစ်မိရပြီ။ မိန်းမလှကျွန်းကြီးဆီသို့ သူ ငေးနေမိသည်။ ဟို



မိန်းမချောလေးတွေ သူ့ကို လာနှုတ်ဆက်ကြလေမလားဟုပင် ယောင်ရမ်း တွေးလိုက်ရင်း မျှော်မိရသည်ပေါ့။

"ကျောက်ကြိုးတင်လိုက်တော့ဟေ့"

လှေထွက်တော့မည်။ ရေချထားသော ကျောက်ဆူးကြိုးကိုတောင် တင်နေကြပြီ။ ဟိုမိန်းမချောလေးတွေ ဘာလို့ မလာကြသေးတာလဲ။ သူ့ကို လာမနှုတ်ဆက်ကြတော့ဘူးလား။ သူ ပြန်ရတော့မှာကို မသိကြ၍လား။ မနေ့ကတောင် မနက်ဖြန်ပြန်ရတော့မှာ မဟုတ်လားဟု သူ့ကို မေးခဲ့ကြသေးတာပဲ။ သူ ပြန်ရမှာကို ကြိုတင်သိနေကြတာ ဖြစ်ရမည်။ ဟင် … သူတို့တွေ ဘယ်လိုသိကြတာပါလိမ့်။ သူ အံ့သြတွေးမိရပြန်ပြီ။

လှေသည် ငြိမ့်ခနဲ လှုပ်သွားကာ ကမ်းစပ်မှ ခွာနေပေပြီ။ မိန်းမလှကျွန်းကြီးဆီ လှမ်းမျှော်ကြည့်ရင်း သူ စိတ်လှုပ်ရှားနေမိသည်။ မိန်းမချောလေးတွေကို သူ နှုတ်ဆက်ခဲ့ကြောင်း ပြောချင်သေးသည်။ ဖြစ်နိုင်မယ်ဆိုရင် သူ နောက်ဆုံးအနေနဲ့ တစ်ခေါက်လောက်တော့

www.burmeseclassic.com

www.burmeseclassic.com



တွေ့ချင်လှသည်။

"ဟော့ မောင်ရှင် ... မင်း ဘာမျှော်နေတာလဲ ကွ"

ကံလှက သူ့ပခုံးကို လာပုတ်ရင်း မေးသည်။

"ဩော် ...ဘာမှ မမျှော်ပါဘူးကွာ"

သူက မလုံမလဲ ဖြေလိုက်ရင်း ကျွန်းကြီးဘက် ထပ်ကြည့်မိသည်။

"မင်း ကြည့်ရတာ အိမ်ပြန်ရမှာ မပျော်သလို လိုနဲ့၊ ဘာလဲ ... ဒီကျွန်းမှာ မင်း ချစ်သူတွေ ဘာတွေ ကျန်ခဲ့လို့လားကွ ... ဟေ"

"ဟာ ... မင်းကလည်း မဟုတ်ပါဘူးကွာ"

"မသိဘူးလေ၊ မင်းပုံစံက ရည်းစားပူမိနေ သလား မှတ်ရတယ်"

"ဘာရယ် မဟုတ်ပါဘူးကွာ၊ ဒီလိုပဲ ကြည့် မိတာပါ"

မိန်းမချောလေးတွေရေ ... ငါ မင်းတို့ကို နှုတ်ဆက်ခဲ့ပါတယ်ကွာ။ ကံမကုန်သေးရင်တော့ တို့



တွေ ပြန်ဆုံကြဦးမှာပါ။ မင်းတို့တွေကို ငါ အမြဲသတိရ နေမိတော့မယ် ထင်ပါရဲ့ကွာ ...။

လှေသည် တဖြည်းဖြည်း ကမ်းစပ်နှင့် ဝေး၍ သွားနေပြီ။ သို့နှင့် ရေလယ်သို့ အရောက်လောက်တွင် ထူးဆန်းသော အဖြစ်အပျက်တစ်ခု ဖြစ်ပွားလာခဲ့တော့ သည်။ လှေသည် သွားနေရာမှ တစ်စုံတစ်ရာက ဆောင့် ဆွဲလိုက်သလို တုံ့ခနဲ ရပ်သွားတော့၏။ ဘယ်လိုမှ ဆက် သွားမရလောက်အောင် လှေသည် တုတ်တုတ်မျှပင် မလှုပ်တော့။ အားလုံးပင် တအံ့တသြ ရေရွတ်မိကြ သည်။

"ဘာဖြစ်တာလဲဟင်"

ဟူသော တစ်ယောက်တစ်ပေါက် မေးသံများ နှင့် ဆူညံနေတော့သည်။

ထိုဆူညံနေသော အသံများကို ငြိမ်သက်စေ လိုက်သူမှာ လှေသူကြီး ဦးဘဖေပင် ဖြစ်၏။

"လှေအောက်ကို သွားကြည့်စမ်း၊ ဘာနဲ့ ငြိ နေသလဲ မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



လှေသူကြီး၏ အမိန့်ပေးသံအဆုံး တဝုန်းဝုန်းနှင့် လှေသား လေးငါးခြောက်ယောက် လှေဝမ်းအောက်သို့ ဝင်ကြည့်ကြ၏။ သို့သော် ထူးဆန်းအံ့ဩဖွယ်ရာ တစ်ခု ဖြစ်ပွားစေခဲ့သည်မှာ လှေဝမ်းအောက်သို့ ဝင်ကြည့်ကြသော လှေသားများက လှေသည် ဘာနဲ့မှ ငြိစွန်းခြင်းမရှိဘဲ သူ့အလိုလို ရပ်တန့်သွားခြင်းဖြစ်သည်ဟု ပြောကြသောကြောင့်ဗင် ဖြစ်သည်။

"အလို ... လှေက သူ့အလိုလို ရပ်တန့်သွားတာတဲ့"

"ဘာကြောင့်လဲ"

"ဘာဖြစ်လို့ ရပ်သွားရတာလဲ"

တစ်ယောက်ကို တစ်ယောက် တီးတိုးမေးမြန်းသံများဖြင့် ကျွတ်စီကျွတ်စီအသံများဖြင့် ညံစီနေတော့သည်။ ထိုအသံတို့က ပြန်လည်ငြိမ်သက်သွားအောင် ဦးကြီးဘဖေက ချောင်းတစ်ချက် ဟန့်လိုက်သည်။ အသံများ တိတ်ဆိတ်သွားပြီး ဦးကြီးဘဖေကို လှည့်ကြည့်လိုက်ကြ၏။



"အားလုံး နားထောင်ကြပါ၊ အခုတွေ့မြင်နေကြတဲ့အတိုင်း ကျုပ်တို့လှေကြီးဟာ ဆက်ထွက်လို့ မရတော့ဘဲ ရပ်တန့်နေပြီ၊ ခုလိုဖြစ်ရတဲ့ ကိစ္စကို သေချာစဉ်းစားကြည့်မိတဲ့အခါမှာ အဖြေဟာ တစ်ခုပဲပေါ်ပါတယ်"

"ဘာလဲ"

"ဘာအဖြေလဲ"-

"ဘာကြောင့်တဲ့လဲ"

ဟူသော မေးမြန်းသံများ ပေါ်ထွက်လာ၏။ လှေသူကြီး ဦးကြီးဘဖေသည် မျက်နှာတစ်ချက် ပျက်ယွင်း၍ သက်ပြင်းရှည်ကို ချလိုက်သည်။ လှေသားများက ဦးကြီး၏စကားကို စိတ်ဝင်တစား ငံ့လင့်စောင့်ဆိုင်းနေသည်။ မျက်ဝန်းများမှာလည်း နားမလည်နိုင်ခြင်း အတွေးတွေနဲ့ပေါ့။

ဦးကြီးက အသက်ကို ပြင်းပြင်းတစ်ချက်ရှူလိုက်ပြီး ရှူသွင်းလိုက်တဲ့ လေများကို ခပ်ဆောင့်ဆောင့် ပြန်မှုတ်ထုတ်လိုက်သည်။ ပြီးမှ အားယူ၍ တစ်ခွန်းချင်း

www.burmeseclassic.com

www.burmeseclassic.com



ပြော၏။

"ကျုပ် ဒီလှေပေါ်မှာ လုပ်လာတာ နှစ်ပေါင်း လေးဆယ်ကျော်ပြီ၊ ကျုပ်ရဲ့ အတွေ့အကြုံအရ တော့ ဒီကိစ္စဟာ အနှောင့်အယှက်တစ်ခု ကြောင့်လို့ ထင်မိတယ်"

"ဘယ်လိုအနှောင့်အယှက်မျိုးလဲ"

ဟု တစ်ယောက်က မေး၏။

"တစ်စုံတစ်ယောက်က မကျေနပ်လို့ လှေကို ထွက်လို့မရအောင် နှောင့်ယှက်ထားတာပဲ"

"ဟင် ... အဲဒါဆို ဒီအခြေအနေက လွတ် မြောက်အောင် လုပ်ဖို့ နည်းလမ်းမရှိဘူးလား"

"ဒီအတိုင်းပဲ နေရတော့မှာလား"

"ဘယ်လိုလုပ်ကြမလဲဟင်"

စသည့် မေးမြန်းသံတွေ ထွက်ပေါ်လာပြန် သည်။ ဦးကြီးဘဖေက ခေါင်းကို ဖြည်းညင်းစွာ ညိတ် လိုက်ရင်း ...

"ရှိပါတယ်၊ ဒီအခြေအနေက လွတ်မြောက်ဖို့



နည်းလမ်းက တစ်ခုပဲရှိတယ်"

"ဘာလဲဟင်"

"အဲဒါကတော့ ရေထဲကို တစ်ယောက် ယောက်ချပြီး စတေးမှ လှေပြန်ထွက်လို့ ရ လိမ့်မယ်"

ဦးကြီးဘဖေ၏ စကားအဆုံး အားလုံး ကြောက် ရွံ့ထိတ်လန့်စွာ ရေရွတ်လိုက်ကြသည်။

"ဒါဆို ဘယ်သူ့ကို စတေးမှာလဲ"

ထိုစကားသံအဆုံး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြ၏။ မိမိစတေးခံရမည်ကို အားလုံးက ကြောက်ရွံ့ထိတ်လန့်နေပုံတွေ အထင်းသား။ မည်သူမျှ အစတေး မခံလိုကြ။ အသံတွေအားလုံး ခေတ္တတိတ်ဆိတ်ငြိမ်သက်သွားသည်။ သူတို့အားလုံး တစ်စုံတစ်ခုကို အပြင်းအထန် စဉ်းစားနေကြ၏။ ဒီအခြေအနေမှလွတ်မြောက်ဖို့ အကောင်းဆုံး နည်းလမ်း တစ်ခုကို ဘယ်လိုလုပ်ကြမလဲ။ တအောင့်ကြာတော့ ဦးကြီးဘဖေဆီမှ စကားသံ ထွက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"မဲနှိုက်ပြီး ဆုံးဖြတ်ရင် မကောင်းဘူးလား"

ဦးကြီးစကားကို အားလုံး သဘောတူညီစွာ ထောက်ခံလိုက်ကြ၏။

"ကောင်းတယ်၊ ဒါမှ တရားမျှတမှုရှိမှာ"

"ဟုတ်တယ်၊ ဒီနည်းလမ်း အကောင်းဆုံးပဲ"

"အေးလေ … တစ်ယောက်တော့ ကံဆိုးရမှာပဲပေါ့"

သူတို့အားလုံး တညီတညွတ်တည်း ဆုံးဖြတ်လိုက်ကြသည်။ မဲလိပ်ကို သုံးကြိမ်သုံးခါ နှိုက်ရမည်။ လှေပေါ်တွင် လူပေါင်း အယောက်သုံးဆယ်မို့ မဲလိပ်ပေါင်း သုံးဆယ်ရှိသည်။ ထိုအထဲတွင်မှ တစ်ခုသော မဲလိပ်မှာ 'ကံဆိုးသူ' ဟု စာလုံးပါသော မဲလိပ်ပဲ ဖြစ်၏။ ထိုမဲလိပ်ကို သုံးကြိမ်သုံးခါ ကျစေသောသူမှာ စတေးခံရမည့်သူပင် ဖြစ်သည်။

အားလုံး အထိတ်ထိတ်အလန့်လန့်ဖြင့် မဲလိပ်များကို စ,နှိုက်ကြပေပြီ။ မဲလိပ်ကို ချက်ချင်းမဖြေရဲသေး။ နှုတ်မှ ဘုရားစာကို ရွတ်ဆိုသူက ရွတ်ဆိုကြ



သည်။ တဆတ်ဆတ် တုန်ယင်နေသော လက်ချောင်းကလေးများဖြင့် မဲလိပ်ကို ဖြေကြည့်နေရင်း ချွေးသီးချွေးပေါက်တွေ တပြိုက်ပြိုက်ကျသူတွေက ကျ၏။ ဗလာဟူသော မဲလိပ်ကို ကျမှ ဝမ်းသာအားရ ကခုန်လို့ပေါ့။ သည်လိုနှင့် တစ်ယောက်ပြီး တစ်ယောက်နှိုက်လာခဲ့ရာ မောင်ရှင်အလှည့်သို့ ရောက်လာတော့၏။ မောင်ရှင်သည် မဲလိပ်ကို စနှိုက်လိုက်သည်။ သူ့ရင်သည် တဒိတ်ဒိတ် အခုန်မြန်လျက် စိတ်လှုပ်ရှားလွန်းနေတော့သည်။ သူလည်း သူများနည်းတူ အစတေးမခံလိုပေ။ တုန်ရင်သော လက်အစုံသည် မဲလိပ်များကို စတင် ဖြေကြည့်လိုက်သည်။ ထိတ်ခနဲ ရင်အစုံသည် နှလုံးမှ ပြုတ်ထွက်တော့မတတ် ဆောင့်ခုန်သွားတော့၏။ တစ်စွန်းတစ်စ တွေ့လိုက်ရသော စာလုံးကြောင့်ပင် ဖြစ်၏။

"သွားပြီ … သွားပြီ … ဖွဟဲ့ လွဲပါစေ၊ မဖြစ်ပါစေနဲ့"

သူ့ဆုတောင်းတို့သည် မပြည့်ရှာခဲ့။ မဲလိပ်ကို

www.burmeseclassic.com

www.burmeseclassic.com



အဆုံးထိ ဖြန့်ကြည့်လိုက်မိပြီ။ စာရွက်ပေါ်၌ ထင်ရှားနေသော စာလုံးလေးများ။ 'ကံဆိုးသူ'တဲ့။ ဟုတ်တယ်။ ငါ ကံဆိုးသူဖြစ်သွားခဲ့ရပြီ။ အားငယ်ဝမ်းနည်းစိတ်တို့ ရုတ်ချည်း အုံကြွလာသလို ခံစားလိုက်ရသည်။ လှေသားအားလုံးလည်း အံ့အားတသင့် ကရုဏာသက်စွာ စိုက်ကြည့်နေကြ၏။ လှေသူကြီး ဦးကြီးဘဖေကတော့ နှစ်သိမ့်စကားတစ်ခွန်းကို ပြော၏။

"ပထမအကြိမ်ပဲ ရှိပါသေးတယ်ကွာ"တဲ့။

သို့သော် ဒုတိယအကြိမ် နှိုက်ပြီးသည့်အခါမှာ ဦးကြီးဘဖေ ထိုသို့စကားမျိုးဖြင့် မနှစ်သိမ့်နိုင်တော့။ ဒုတိယအကြိမ် နှိုက်ရာတွင်လည်း မောင်ရှင်ပင် ကံဆိုးသူ မဲလိပ်ကို ထပ်ကျပြန်သည်။ သူ စိတ်ဓာတ်ကျလျက် တုန်လှုပ်နေမိတော့၏။ သူ ဘာလို့ ဒီလောက်ကံဆိုးနေရတာလဲ။ တတိယအကြိမ် နှိုက်ကြပြန်သည်။ အသီးသီး ပထမအကြိမ်၊ ဒုတိယအကြိမ်လောက် တွန့်ဆုတ်တွေဝေမနေဘဲ ရဲရဲနှိုက်ကြသည်။ သူတို့အားလုံး ကံကောင်းထောက်မစွာ ဗလာမဲကိုသာ ကျကြပါသည်။



မောင်ရှင်အလှည့်သို့ ပြန်လည်ရောက်လာခဲ့ပြီ။ ဒီတစ်ခါတော့ နောက်ဆုံး တကယ်စတေးခံရမည့်အလှည့်။ နောက်ဆုံးသော အကြိမ်။ ကံဆိုးသော သူတစ်ယောက်၏ ကံဆိုးမှုအဖြစ်အပျက်များ စတင်မည့်အချိန်။ မောင်ရှင် မဲလိပ်ကို စတင်နှိုက်လိုက်၏။ သို့သော် ကိုယ်တိုင် မကြည့်ရဲတော့သဖြင့် လှေသူကြီးကို ပေးလိုက်၏။ အပ်ကျသံပင် မကြားရလောက်အောင် အသံတွေ တိတ်ဆိတ်နေ၏။ အားလုံးရဲ့ မျက်ဝန်းများက ဦးကြီးဘဖေလက်ထဲမှ မဲလိပ်ကို စိုးရိမ်တကြီး စိုက်ကြည့်နေကြလေသည်။ ဦးကြီးဘဖေက မဲလိပ်မဖြေမီ မောင်ရှင့်ကို ကရုဏာသက်စွာ တစ်ချက်ကြည့်သည်။ ထို့နောက် မဲလိပ်ကို တဖြည်းဖြည်း စတင်ဖြန့်လေတော့၏။ မောင်ရှင် အသက်မရှူရဲ။ ဦးကြီး၏ မျက်လုံးတွေကိုသာ အထိတ်တလန့် စိုက်ကြည့်နေမိသည်။ မဲလိပ် ပြန့်ပြီးသွားသောအခါ ဦးကြီး၏ မျက်ခုံးအစုံသည် မြင့်တက်သွားသည်။ သက်ပြင်းကို လေးလေးပင်ချကာ ခေါင်းကို ဖြည်းညင်းစွာ ယမ်း၏။ အားလုံးရဲ့ အာမေဋိတ်သံ

www.burmeseclassic.com



များ၊ တီးတိုးရေရွတ်သံများ ရုတ်တရက် ပွက်လောည်သွားတော့၏။ ဦးကြီးက ဖြန့်ထားသော မဲလိပ်ကို မောင်ရှင်ကို သေချာအောင် ထပ်ပြသည်။

'ကံဆိုးသူ'စာလုံးလေးမှာ အထင်အရှား၊ သုံးကြိမ်သုံးခါကျခဲ့ရသော မဲလိပ်။ ကံဆိုးမှုအပေါင်းကို သယ်ဆောင်လာသော မဲလိပ်လေး။ မောင်ရှင် ငိုင်တွေစွာ ကြည့်ရင်း မင်သက်နေမိတော့၏။

"သူငယ်ချင်းရယ် ... ကံဆိုးလိုက်တာကွာ"

ကံလှက မောင်ရှင်ပခုံးကို ဖက်ကာ ငိုသံကြီးနှင့် ဆို၏။

"ဦးကြီးဟို့လည်း စိတ်မကောင်းပါဘူးကွယ်၊ ကံတရားရဲ့ အစီအမံတစ်ခုလို့သာ မှတ်ယူလိုက်ပါ လူလေးရယ်၊ ကံတရားက ဒီလိုဖြစ်စေမှတော့ ဦးကြီးတို့လည်း ဘာမှမတတ်နိုင်ပါဘူး လူလေးရယ်၊ မင်းကို တို့တွေထားခဲ့ရတော့မယ်"

"ဟုတ်ပါတယ် ဦးကြီးရယ်၊ ဒါ ကျုပ်ရဲ့ ငြင်းဆန်လို့မရတဲ့ ကံတရားတစ်ခုပဲ၊ ကျုပ် နားလည်ပါတယ်၊ ဦးကြီးတို့ စီစဉ်စရာရှိတာသာ စီစဉ်ကြပါတော့၊ ကျုပ်ကို ငဲ့မနေကြပါနဲ့တော့"



မောင်ရှင်သည် အက်ကွဲလှိုက်မောသော အသံကြီးဖြင့် ပြောလိုက်ရင်း သူငယ်ချင်းကံလှကို ပြန်လည်ဖက်တွယ်လိုက်ကာ ငိုကြွေးမိတော့သည်။

"သူငယ်ချင်းရယ် ... ကံဆိုးလိုက်တာကွာ၊ ဒီလိုအဖြစ်မျိုးကို မင်းကျမှ ကြုံစေတယ်တဲ့လား သူငယ်ချင်းရယ်"

ကံလှက ဝမ်းနည်းပက်လက် ငိုကြွေးရင်း ဗလုံးဗထွေး ပြောနေသည်။ မောင်ရှင်သည် အားရအောင် ငိုကြွေးပြီးသောအခါ မျက်ရည်များကို လက်ဖမိုးနှင့် ခပ်ကြမ်းကြမ်း ပွတ်သုတ်လိုက်ရင်း ...

"ဒီမယ် သူငယ်ချင်း ... ကံကြမ္မာဆိုတာ တို့တွေ ဖန်တီးယူလို့ရတဲ့အရာမှ မဟုတ်တာ၊ မဖြစ်ချင်လည်း ဖြစ်ခဲ့ရပြီ၊ မကြုံချင်လည်း

www.burmeseclassic.com

www.burmeseclassic.com



ကြုံခဲ့ရပြီပေါ့၊ တို့တွေ ဘာမှမတတ်နိုင်တော့ဘူး လေ၊ ငိုကြွေးနေလို့ရော ဒီအဖြစ်အပျက်ဆိုးကြီး ကနေ လွတ်မြောက်မှာတဲ့လား၊ မင်း မျက်ရည် တွေ သုတ်လိုက်စမ်းပါကွာ၊ မငိုပါနဲ့တော့"

"ဒါပေမဲ့ သူငယ်ချင်းရယ်၊ ငါ့မျက်ရည်တွေ သာ မင်းအတွက် လွတ်မြောက်နိုင်ဖို့ ဖြစ်လာခဲ့ မယ်ဆိုရင်တော့ ဒီပင်လယ်ပြင်ကြီးထက် များ တဲ့ မျက်ရည်တွေကို ဖန်တီးပေးချင်ပါတယ် ကွာ"

"မင်းစေတနာကို နားလည်ပါတယ်၊ မင်းရဲ့ ချစ်ခင်မှုအတွက်လည်း ငါ ဝမ်းသာမိပါတယ်၊ မင်းဟာ ငါ့အတွက် အကောင်းဆုံးသူငယ်ချင်း ပါပဲကွာ"

မောင်ရှင့်စကားကို ကြားတော့ ကံလှက မျက်ရည်ကြားမှ ပြုံးရှာသည်။ မောင်ရှင်၏ သေဘေးကို မတုန်မလှုပ် တည်တည်ငြိမ်ငြိမ်နှင့် ရင်ဆိုင်နိုင်ပုံကို လည်း အံ့ဩမိရသည်။



"ငါ တစ်ခုမှာခဲ့ချင်တာက ..."

"ပြောပါသူငယ်ချင်း ... ဘာများလဲ"

"အမေ့ကို ဒီအကြောင်းတွေ မပြောပါနဲ့ကွာ၊ အမေ မေးရင် ငါ မိန်းမလှကျွန်းမှာပဲ နေခဲ့ တယ်လို့ ပြောပေးပါ၊ ငါ့အကြောင်း ကြားရင် အမေ ဝမ်းနည်းကြေကွဲရလိမ့်မယ်၊ အချိန်ကြာ လာတော့မှ အမေ သိချင်လည်း သိပါစေ လေ"

အမေရယ် ... အမေ့သား ကံဆိုးခဲ့ရပြီလေ။ ဒီတစ်သက် အမေနဲ့ ဝေးရပြီပေါ့။ သား ဖြစ်စေချင်တဲ့ ရဟန်းအစ်မကြီးလည်း အမေ မဖြစ်ရတော့ဘူး။ သား ဝမ်းနည်းလိုက်တာ အမေရယ်။ သား အမေ့ကို တစ်ယောက်တည်း ချန်ထားရစ်ခဲ့ရပြီ။ သား အမေ့ကို ပြုစုလုပ်ကျွေးခွင့် မရတော့ဘူးပေါ့။ အမေ အတန်တန် တားခဲ့ပေမယ့် အမေ့စကားကို နားမထောင်ဘဲ သား ဖွတ်ထွက်ခဲ့မိတယ်။ အမေ ဘယ်လောက်စိုးရိမ်ပူပန်နေ ရပြီလဲ။ သောကတွေ ဗျာပွေနေခဲ့ရပြီလဲ။ အခုလည်း

www.burmeseclassic.com

www.burmeseclassic.com



အမေ့ကို နာကျင်ကြေကွဲရမယ့်အဖြစ်တွေ သား ဖြစ်ခဲ့ရပြီ အမေရယ်။ သားကို ခွင့်လွှတ်ပါ။ အမေ့စကားနားမထောင်မိခဲ့တဲ့အတွက် ခွင့်လွှတ်ပါတော့ အမေရယ်။

"အေးပါကွာ ... ငါ မပြောပါဘူး၊ စိတ်ချပါ"

ထိုအချိန်တွင်းလေးမှာပဲ မောင်ရှင်ကို ရေထဲချဖို့ ဝါးဖောင်ကလေး ပြီးစီးသွားပြီ ဖြစ်သည်။

"မောင်ရှင်ရေ ... တို့တွေ မလုပ်ချင်တဲ့ အလုပ်တစ်ခုကို လုပ်ရတော့မယ်ကွယ်"

ဦးကြီးက စိတ်မကောင်းစွာ လှမ်းပြောလာသည်။

"ဟုတ်ကဲ့ ဦးကြီးရယ်၊ ကျုပ်ကို ချဖို့ပြင်ပါတော့၊ ဩော် ... ဒါပေမဲ့ ကျုပ်ကို မချခင် ကျုပ် တစ်ခုလောက် တောင်းဆိုပါရစေ"

"ဘာများလဲကွယ်"

"ဟို ... ကျုပ်ရဲ့ စောင်းလေးကို ကျုပ်နဲ့ အတူ တစ်ပါတည်း ယူသွားချင်တယ်"



မောင်ရှင်ရဲ့စကားကို ကြားတော့ ဦးကြီး မျက်လုံးအပြူးသား ဖြစ်သွားကာ ...

"မင်း စောင်းကို ယူလာတယ် ဟုတ်လား၊ စောင်းရော တီးသေးလား"

ဟု အထိတ်တလန့် မေး၏။ မောင်ရှင်က မဝံ့မရဲ ခေါင်းကလေးညိတ်ကာ အဖြေပေး၏။

"ဟာ ... လူလေးရယ်၊ မင်းကို စောင်း မယူလာဖို့ ငါ အတန်တန်မှာခဲ့တယ်လေ၊ ဒီလှေပေါ်မှာ စောင်းတီးလို့ မရဘူးဆိုတာ မင်းကို မှာခဲ့ရက်သားနဲ့ကွာ၊ ခုတော့ ဒုက္ခရောက်ရပြီပေါ့"

ဦးကြီးက မချိတင်ကဲပြော၏။

"ခုတော့ ငါ့အမှားတွေပါကွာ၊ မင်းကို ဟိုအရင်ကတည်းက ဒီမှာ နတ်ကြီးတယ်ဆိုတဲ့ အကြောင်း ပြောပြမိခဲ့ရင် အကောင်းသား၊ ခုတော့ အားလုံးလွန်ကုန်ပြီပဲ"

"ကျုပ်အပြစ်နဲ့ ကျုပ်သာ ရှိပါစေတော့ ဦးကြီး

www.burmeseclassic.com

www.burmeseclassic.com



ရယ်၊ ကျုပ်ကို ခွင့်လွှတ်ပါနော်”

“အေးပါ လူလေးရယ်၊ ဦးကြီး ကရုဏာဒေါသောနဲ့ ပြောလိုက်မိတာပါ၊ ခွင့်လွှတ်ပါတယ်ကွယ်၊ သွား ... စောင်းကို သွားယူချေ”

မောင်ရှင်သည် အခန်းထဲ၌ ဝှက်ထားသော စောင်းကို ယူကာ ရင်ဝယ်ပိုက်ရင်း သူ့ကို ရေချရန် စီစဉ်ထားသော ဖောင်ကလေးပေါ် တက်ထိုင်လိုက်၏။ ထို့နောက် လူနှစ်ယောက်က ဖောင်စွန်းကို ဟိုဘက်သည်ဘက်ကိုင်ကာ မ,၏။ သို့နောက် လှေဘောင်ကို ကျော်ကာ ပင်လယ်အတွင်းသို့ ပစ်ချလိုက်လေတော့၏။

ထိုစဉ်မှာပဲ ထူးဆန်းအံ့သြဖွယ်ရာ ဖြစ်ရပ်တစ်ခု ရုတ်တရက် ဖြစ်လာခဲ့တော့၏။ ကောင်းကင်ယံဆီမှ မိုးသားတိမ်လိပ်တို့ ညိုမည်းလာကာ ရုတ်ချည်းပျောင်မိုက်သွားခြင်းပင် ဖြစ်၏။ လှေသားအားလုံး ထူးဆန်းအံ့သြကာ ကောင်းကင်ပေါ်သို့ မော့ကြည့်မိကြသည်။ တဒင်္ဂအတွင်းမှာပဲ မိုးသားမည်းများသည် တစ်စ



တစ်စ ပျယ်လွင့်ပျောက်ကွယ်သွားကာ ကြည်လင်ဝင်းပသော ကောင်းကင်ယံသည် ပြန်လည်ပေါ်ထွက်လာတော့၏။ လှေသားတို့၏ ဘာဖြစ်တာလဲ ဟူသော အတွေးတို့ မဆုံးမီမှာပင် နောက်ထပ် ထူးဆန်းအံ့သြဖွယ်ဖြစ်ရပ်တစ်ခုကို ထပ်မံကြုံရတော့သည်။ ပင်လယ်တွင်းသို့ ပစ်ချခဲ့ရသော မောင်ရှင် ထိုတဒင်္ဂလေးအတွင်းမှာပဲ ရေပေါ်၌ မရှိတော့ခြင်းဖြစ်သည်။ နစ်မြုပ်သွားပြီလားဟု ဆိုရလောက်အောင်လည်း ထိုအချိန်တိုလေးအတွင်းမှာ ဝုန်းခနဲ ရေကျသံကိုလည်း မကြားရ၊ ရေလှိုင်းပွက်သွားသည်ကိုလည်း မမြင်ရပါဘဲနှင့် ထူးဆန်းစွာ ပျောက်ဆုံးသွားခြင်းပင်။ ပို၍ ထူးဆန်းရသည်မှာ မောင်ရှင်နှင့်အတူ ပင်လယ်တွင်းသို့ ပစ်ချလိုက်သော ဝါးဖောင်လေးကိုပင် ရေပြင်ပေါ်၌ မတွေ့မမြင်ရတော့ခြင်းပင် ဖြစ်၏။ သူတို့အားလုံး အံ့သြမင်သက်စွာ ငေးကြည့်နေရင်းနဲ့ လှေသည် ရုတ်တရက် ဆောင့်ထွက်သွားသလို ရွေ့လျားသွားလေတော့၏။ ယိုင်နဲ့သွားသော ခန္ဓာကိုယ်ကို ပြန်ပြင်ထိန်းလိုက်ကြရင်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိကြ၏။ လေ့သည် မိန်းမလှကျွန်းကြီးနှင့် ဝေးရာသို့ တဖြည်းဖြည်း ရွေ့လျားထွက်ခွာသွားလေပြီ။ သူတို့ရင်ထဲတွင်တော့ ထုတ်ဖော်မပြောဖြစ်ကြပေမယ့် ကိုယ်စီကိုယ်စီ သိရှိလိုက်ကြသော အတွေးကိုယ်စီများဖြင့်သာ ငိုင်တွေနေမိကြပါတော့သည်။

* * *



## အခန်း(၁၀)

သစ်ခုတ်အဖွဲ့လှေကြီး ပြန်လာနေပြီဟူသော သတင်းကို ရကတည်းက ဒေါ်ဖြူသည် သားကြိုက်တတ်သည့် ထမင်းနှင့် ဟင်းများကို အစောကြီး ထချက်ကာ ထား၏။ သားပြန်လာရင် အဆင်သင့် စားရအောင်လို့ပေါ့။ ပြီးနောက် လှေဆိပ်သို့ သားကိုကြိုရန် လာစောင့်နေမိတော့၏။ ဒေါ်ဖြူကို တွေ့တော့ လှေသားများက မျက်စိမျက်နှာပျက်ကာ ဒေါ်ဖြူ့မျက်လုံးများဖြင့် တည့်တည့်ချင်း မဆိုင်ကြဘဲ ရှောင်ကွင်းသွားလေ၏။ ဒေါ်ဖြူက လှေပေါ်မှ ဆင်းလာသမျှ လူများကို ကြည့်ရင်း သားကို ရှာသည်။ သား ဆင်းမလာသေးပါလား။ လှေပေါ်မှာ လူတွေတောင် ပေါ်တော်ကုန်နေပြီ၊ သား

www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့ ဆင်းမလာသေးတာလဲ။ နောက်ဆုံးမှ ဆင်းလာသောသူမှာ ကံလှသာဖြစ်၏။ ဒေါ်ဖြူက ကံလှနား သွားပြီး …

"မောင်ကံလှ … ငါ့သားရော၊ ငါ့သား ဆင်းမလာသေးပါလား၊ အပေါ်မှာ ဘာလုပ်နေတာလဲဟင်"

ဒေါ်ဖြူ့အမေးကို ကံလှက မျက်စိမျက်နှာပျက်စွာ အနေခက်နေ၏။

"ဟဲ့ … ငါမေးတာ ဖြေဦးလေ၊ ငါ့သားရောလို့၊ သား မောင်ရှင်ရော၊ ဆင်းလာတာ ငါမတွေ့သေးဘူး"

ကံလှက ခေါင်းကို အနေခက်ဟန်ဖြင့် ဖွဖွကုတ်ကာ –

"ဟို … ဟို မောင်ရှင် …"

"အေး … ပြောလေ၊ သား မောင်ရှင် ဘာဖြစ်လဲ ပြောလေ"

"ဟို … မောင်ရှင် ကျန်ခဲ့တယ်"



ကံလှစကားကြောင့် ဒေါ်ဖြူ ရင်ထိတ်သွား၏။

"ဟဲ့ … ဘယ်မှာ ကျန်ခဲ့တာလဲ၊ မောင်ရှင်က ဘယ်မှာကျန်ခဲ့တာလဲ"

"မဟုတ်ဘူး၊ အာ … မဟုတ်ဘူး ဒွေးလေးရဲ့၊ ဟို … မိန်းမလှကျွန်းမှာ နေရစ်ခဲ့တာပါ"

"ဘာ … မိန်းမလှကျွန်းမှာ နေရစ်ခဲ့တာ"

ကံလှစကားကို ဒေါ်ဖြူက ရေရွတ်သလို ပြော၏။

"ဟုတ်ကဲ့၊ မိန်းမလှကျွန်းမှာ မောင်ရှင် နေခဲ့တယ် ဒွေးလေး"

"ဘာဖြစ်လို့ နေခဲ့တာလဲ"

ကံလှက မျက်နှာပျက်ပျက်နှင့် ဆက်ပြော၏။

"ကျုပ်တို့လည်း ခေါ်ပါသေးတယ်၊ ဒါပေမဲ့ သူက နေခဲ့ချင်တယ်ဆိုပြီး အတင်းနေခဲ့တာ၊ ဘယ်လိုမှ ပြောလို့မရတဲ့အဆုံး ထားခဲ့ရတာ"

"ဟင်"

ကံလှစကားကြောင့် ဒေါ်ဖြူ အံ့သြတကြီး

www.burmeseclassic.com

www.burmeseclassic.com



ကြက်သေ သေသွားတော့၏။

သားက ဘာဖြစ်လို့ နေခဲ့ရကာလဲဟူသော အတွေးတို့ကြောင့် အိမ်ပြန်ရောက်သည်အထိ သူမ နေမထိထိုင်မသာ ဖြစ်နေခဲ့ရသည်။ ဘာကြောင့်လဲ။ ဘာကြောင့်လဲ။ သားက မိန်းမလှကျွန်းမှာ ဘာကြောင့် နေခဲ့ရတာလဲ။ နောက်ပြီး သူမကိုတွေ့တော့ လှေသားတွေက မျက်စိမျက်နှာပျက်နေကြသည်။ ကံလှလည်း စကားတွေ ထစ်ထစ်အအနှင့်။ သား ဘာများဖြစ်လို့လဲ။ သား တစ်ခုခုဖြစ်ခဲ့ပြီလား။ သား အန္တရာယ်ကြုံခဲ့ရပြီလား။ သူမ တွေးရင်း စိုးရိမ်ပူပန်စိတ်တို့ အထွတ်အထိပ်သို့ ရောက်လာခဲ့ရပြီ။ မဖြစ်ချေဘူး။ တခြားလူတွေ လျှောက်မေးကြည့်ရမယ်။

သူမ လှေသူကြီး ဦးဘဖေ၏ အိမ်သို့ လျှောက်လာခဲ့သည်။ သူမကိုတွေ့တော့ လှေသူကြီးက မျက်နှာပျက်စွာ ဆို၏။

"အေး ... ငါတို့လည်း ဘယ်လိုမှ မတတ်နိုင်တဲ့အဆုံး ထားခဲ့ရတာပဲကွာ"



"သားက ဘာကြောင့် နေခဲ့ချင်တယ်လို့ ပြောရတာလဲဟင်"

သူမစကားကို ကြားတော့ လှေသူကြီးက အံ့သြသလို ကြည့်ရင်း ...

"အေး ... သူက သူ့ကို ဒီကျွန်းမှာ ထားခဲ့ပါတဲ့၊ သူ ဒီမှာပဲ နေရစ်ပါရစေတဲ့၊ ငါတို့လည်း ပြောမရတဲ့အဆုံး ထားခဲ့ရတာပဲ၊ ဘာကြောင့် နေခဲ့တာလဲတော့ မသိပါဘူးကွယ်"

ဟူ၍သာ မတိမကျ၊ မတင်မကျစကားကိုသာ ကြားခဲ့ရသည်။ ဒီကိစ္စကို အသေအချာသိရှိရန် သူမ ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်လေတော့သည်။ သား ရှိရာ မိန်းမလှကျွန်းကြီးဆီကို သွားမည်ဟူသော ဆုံးဖြတ်ချက်ပင် ဖြစ်တော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁၁)

"ဟိုရှေ့မှာ မြင်နေရတဲ့ ကျွန်းကြီးက မိန်းမလှ ကျွန်းကြီးလေ"

လှေလှော်ခတ်လာသူက ပြောခြင်းဖြစ်၏။ ဒေါ်ဖြူသည် သားရှိရာအရပ်သို့ လိုက်လာမိခဲ့ပြီ။ မိန်းမလှကျွန်းကြီးတွင် သား နေရစ်ခဲ့သည်ဟု ပြောစဉ် သူမနားတွေ မယုံနိုင်အောင်ပင် ဖြစ်ခဲ့ရသည်။ သားက ဘာအကြောင်းတွေကြောင့် မိန်းမလှကျွန်းကြီးမှာ နေရစ်ခဲ့ရတာတဲ့လဲ။ လှေသမားတွေကို စုံစမ်းမေးမြန်းတော့လည်း တိကျသေချာတဲ့အဖြေကို ရေရေရာရာ မရခဲ့။ သူမ စိတ်ပူလှပြီ။ သား ပြန်မရောက်လာတာ သုံးရက်လောက် ရှိသွားခဲ့ပြီ။ လေးရက်မြောက်နေ့တွင် သူမရဲ့



စိုးရိမ်ပူပန်မှုသည် အထွတ်အထိပ်သို့ ရောက်ရှိလာခဲ့ရပြီ။ အကျိုးအကြောင်း သေချာသိရအောင် သားကို သူမ မေးရပေတော့မည်။

လှေသည် ကမ်းစပ်သို့ ဆိုက်ကပ်လိုက်ပြီ ဖြစ်သည်။

"ဒွေးလေး ... ကျုပ် လိုက်ခဲ့ရမလားဟင်"

လှေသမားက မေး၏။

"ရပါတယ်ကွယ်၊ လှေပေါ်မှာပဲ စောင့်နေလိုက်ပါ၊ ဒွေးလေးဘာသာ သွားလိုက်တော့မယ်"

"ဟာ ... ဒွေးလေးတစ်ယောက်တည်း ဖြစ်ပါ့မလား၊ ကျုပ် စိတ်မချဘူး၊ တောကြီးမျက်မည်းထဲဆိုတော့ ကျုပ် လိုက်ခဲ့ပေးမယ်ဗျာ နော်"

အင်းလေ ... နှစ်ယောက်ဆိုတော့ သားကိုရှာရတာ ပိုမြန်တာပေါ့။

"အေးကွယ် ... လိုက်ချင်လည်း လိုက်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



ပေါ့"

လှေခတ်သမား လှေကို ကြိုးချည်နေတုန်း ဒေါ်ဖြူ ဆက်လျှောက်လာခဲ့၏။ နေရောင်သည် တောက်ပနေသဖြင့် မျက်စိများ ကျိန်းလာရသည်။ ထို့ကြောင့် ခေါင်းကို ငုံ့ကာ ခပ်သွက်သွက် လျှောက်မိတော့၏။ လျှောက်နေရင်း သူမ သတိထားမိလိုက်သည်မှာ အညိုရောင်သဲမှုန်ပြင်များကိုပင် ဖြစ်၏။ အညိုရောင်သဲမှုန်ပြင်။ ရုတ်တရက် သတိရလာမိသော အတွေးကြောင့် ထိတ်ခနဲ တုန်လှုပ်သွားကာ ကျွန်းကြီးဆီသို့ မျှော်ကြည့်မိလိုက်သည်။ စူးရှသော နေရောင်ဒဏ်ကြောင့် ကျိန်းစပ်နေသော မျက်လုံးများက ရှေ့ကို သဲသဲကွဲကွဲ မမြင်ရ။ မျက်လုံးများကို လက်နှင့် ကာလိုက်ရင်း အားစိုက်ကြည့်မိသည်။ မြင်ကွင်းထဲ ဝင်လာသည်မှာ စီတန်းပေါက်ရောက်နေသော အုန်းပင်တန်းလေးများ။ ထို့နောက် မြင်ဖူးသလိုရှိသော တောအုပ်၏ မျက်နှာစာတန်းများ။ ထိုအရာတွေကို သူမ တွေ့ဖူးနေသည်။ သိရှိနေသည်။ အိပ်မက်ကို သတိရမိလိုက်သည်။



စိုးရိမ်ထိတ်လန့်ခဲ့ရသော အိပ်မက်ထဲက မြင်ကွင်းမျိုးတွေ သူမ တွေ့ရှိနေခဲ့ရပြီ။ စိုးရိမ်ပူပန်မှုစိတ်တို့ ဖျဉ်းခနဲ အုံကြွသွားကာ နှုတ်မှ ယောင်ယမ်းခေါ်လိုက်မိသည်။

"သား"

ဒါဆို သားလေး။ အို ... ငါ့သားလေး ဘာမှ မဖြစ်ပါစေနဲ့။ ဘာမှမဖြစ်ပါစေနဲ့။ သားကို အလွန်အမင်း တွေ့ချင်စိတ်ကြောင့် ကျွန်းကြီးအတွင်း သူမ တိုးဝင်လာခဲ့၏။ မှောင်ရီဆိုင်းနေသော သစ်ပင်များကြောင့် နေရောင်သည် မထိုးဖောက်နိုင်တော့။ တောအုပ်အတွင်း သစ်ရိပ်များဖြင့် အေးချမ်းနေ၏။ သူမ ရင်တွင်းမှာတော့ ပူလောင်နေခဲ့ပြီ။ သားကို ရှာရမယ်။ သား ဘာမှမဖြစ်ပါစေနဲ့။ ဘုရား တရားမ,လို့ သား ဘာမှ မဖြစ်ပါစေနဲ့။ အိပ်မက်ထဲမှာ သားက ...။ အို ... အဲလိုမဖြစ်ပါစေနဲ့ကွယ်။

"သားရေ ... သား မောင်ရှင်"

သူမ အော်ခေါ်လိုက်သံက တောအုပ်ကလေး

www.burmeseclassic.com

www.burmeseclassic.com



အတွင်း ဟိန်းတက်သွား၏။ ကျေးငှက်တွေ၏ တီတီ တာတာနှင့်အသံများ ဆူညံနေသည်မှလွဲ၍ ဘာသံမှ ပြန့်လည်မကြားရ။ မျက်လုံးတို့ကိုလည်း ဝေ့ဝဲဝိုက်ကြည့် ကာ ရှာမိသည်။

"သားရေ ... ဘယ်မှာလဲကွယ်၊ အမေ လိုက် လာပြီ သားရဲ့၊ အမေ့ကို ထွက်တွေ့ပါဦး"

တိတ်ဆိတ်ငြိမ်သက်နေသော တောတောင် အတွင်း သူမအသံသည် ပဲ့တင်ထပ်သွားသလို ဟိန်းထ နေ၏။ သူမရဲ့ ပဲ့တင်ထပ်သံတွေ ငြိမ်သွားသည်အထိ ဘာတုံ့ပြန်သံမှ မကြားရ။ အမေ ရင်တွေပူလှပြီ သား ရယ်။ သား ဘာဖြစ်နေပြီလဲ။ အမေ့ကို ထွက်မတွေ့ နိုင်လောက်အောင် သား ဘယ်လိုအဖြစ်ဆိုးမျိုးတွေ ကြုံ တွေ့နေပြီလဲ။ သားရယ် ... အမေ ရင်တွေကွဲတော့ မယ် သားရဲ့။ သူမ စိုးရိမ်ထိတ်လန့်စွာ တွေးမိရင်း မျက်ရည်များလည်း ပိုးပိုးပေါက်ပေါက် ကျလာခဲ့သည်။ တောအုပ်အတွင်း သူမ လျှောက်လာမိရင်း သားကို တကြော်ကြော် အော်ခေါ်သည်။ သူမနောက်မှ လှေခတ်



သမားကလည်း စိတ်မချစွာ တကောက်ကောက် လိုက် စောင့်ရှောက်၏။

"သားရေ ... မောင်ရှင်"

"မောင်ရှင်ရေ ..."

သူမ အော်ခေါ်နေရင်း အသံတို့ တဖြည်းဖြည်း အက်ကွဲလာရကာ လည်ချောင်းတွေတောင် နာလာရပြီ။ နာကျင်ကြေကွဲမှုကြောင့် ရင်အစုံသည် ရှူးအောင့်လို့ နေ၏။ မျက်ရည်တို့ဖြင့် ပြည့်နေသော မျက်လုံးအိမ်တို့ သည် နီရဲကြေကွဲနေ၏။ လျှောက်လာမိသည်မှာလည်း တော်တော်ခရီးပေါက်ခဲ့ပြီ။ သားရဲ့ အရိပ်အယောင် တစွန်းတစလေးတောင် မမြင်ရသေး။ သားရယ် ... မင်း ဘယ်မှာလဲကွယ်။ အမေ့ရင်တွေ နာလှပါပြီ။ လူလေး ဘာမှမဖြစ်ပါစေနဲ့လို့ပဲ အမေ ဆုတောင်းနေရ ပါတော့တယ် သားလေးရယ်။

"အို"

သူမနှုတ်မှ ယောင်ယမ်းအော်လိုက်မိ၏။ ဟို ရှေ့မှာ တွေ့လိုက်ရသော အရာလေးမှာ ခြေရာလေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ခု။ အို ··· အများကြီးပါလား။ ကျွန်းအတွင်းပိုင်းထဲသို့ ဝင်ရောက်သွားသော ခြေရာလေးများ။ ယောကျ်ားတစ်ယောက်ရဲ့ ခြေရာပုံစံပဲ။ ဒါဆို သား ခြေရာလေများလား။ သူမ ခြေရာလေးတွေအတိုင်း လျှောက်လာမိခဲ့သည်။ ကျွန်း၏ အတွင်းပိုင်း တော်တော်နက်နက်သို့ ရောက်လာခဲ့ပြီ။ အတွင်းပိုင်းတွင် နေရောင် တစ်ပြောက်နှစ်ပြောက် ကျရုံလောက်သာ ကျနေ၍ အေးစိမ့်စိမ့်ခံစားနေရ၏။ ကျလိကျလိနှင့် ငှက်ကလေးများ၏ အော်သံလေးများ၊ သစ်ရွက်ကြွေသံ၊ တရှဲရှဲတိုက်ခတ်နေသော လေကြောင့် သစ်ကိုင်းသစ်ခက်များ၏ တကျွိကျွိ ပွတ်ခတ်သံတို့ကိုလည်း ကြားနေရသည်။

ထိုစဉ် မြင်လိုက်ရသော မြင်ကွင်းကြောင့် နှလုံးသွေးတွေ ဒုတ်ခနဲ ရပ်တန့်သွားသလို ဖြစ်သွားစေတော့သည်။ တွေ့လိုက်ရသည်ကား ဖိနပ်လေးတစ်ရံပင် ဖြစ်သည်။

"ဒါ သားရဲ့ဖိနပ်လေးပဲ"

တိုးတိုးရေရွတ်မိကာ ဖိနပ်လေးကို ကောက်ယူလိုက်၏။



သား ဒီမှာရှိနေတာ သေချာသွားပြီ။ ဒါဆို သားဘယ်မှာလဲ။ သားရဲ့ ဖိနပ်လေးက ဘာလို့ ဒီနေရာမှာ ရှိနေရတာလဲ။ သားကို အန္တရာယ်တစ်ခုခုက ကြုံခဲ့စေပြီလား။ သား ဘာတွေဖြစ်နေမလဲ။ ဘယ်တွေ ရောက်နေလဲ။ သူမ အထိတ်တလန့် တွေးရင်း လှည့်ပတ်ပြေးရှာသည်။

"သားရေ ဘယ်မှာလဲ၊ သားလေး ဘယ်ရောက်နေလဲဟင်၊ သားရေ ··· အမေ ခေါ်နေတယ်လေ"

နှုတ်မှလည်း တဖွဖွအော်ရင်း ပြေးရင်း မောဟိုက်လာ၏။ ခြေထောက်တွေသည် မခိုင်ချင်တော့။ တုန်တုန်ယင်ယင် ဖြစ်လို့နေ၏။ နောက်ဆုံး ဘယ်လိုမှ မတ်မတ်ရပ်နိုင်စွမ်း မရှိတော့သဖြင့် ဒူးညွှတ်ခွေယိုင်လဲတော့သည်။

"ဟာ ··· ဒွေးလေး၊ သတိထားပါ ဒွေးလေး၊ ဘယ်လိုဖြစ်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



လှေသမားက သူမကို အပြေးတပူရင်း ပြောသည်။ ထို့နောက် သစ်ပင်ကြီးတစ်ပင်အောက်သို့ တွဲခေါ်သွားကာ မှီထိုင်စေ၏။သူ ပေါင်းထားသော ခေါင်းပေါင်းစကို ဖြုတ်ကာ သူမမျက်နှာဆီသို့ ယပ်ခတ်ပေးနေရင်း ...

"ဒွေးလေးရယ် ... ဘာလို့ပြေးသွားရတာလဲ၊ မတော်တဆ ချော်လဲမှဖြင့် ..."

"သား ... ငါ့သားကို ရှာပေးပါ၊ သားလေးကို ရှာပေးပါကွယ်"

သူမက လှိုက်မောနေရာမှ အားယူ၍ ပြောလိုက်သည်။

"ဩော် ... ဒွေးလေးရယ်"

လှေသမားက စိတ်မသက်သာစွာ ဆိုသည်။

"လူလေးရယ် ... အမေ့သားကို ရှာပေးပါ၊ အမေ့သား ဒီမှာရှိတယ်ဆိုတာ အမေသိတယ်၊ ဒီမှာတွေ့လား၊ ဒါ သားရဲ့ဖိနပ်လေ၊ အမေတွေ့ခဲ့တာ၊ သားလေး တစ်ခုခုဖြစ်နေမှာ အမေ



စိုးရိမ်တယ်ကွယ်၊ အမေ့သားလေးကို ရှာပေးပါကွယ် လူလေးရယ်၊ အမေလည်း ရှာမယ်၊ လာ ..."

သူမက လှေသမားရဲ့ လက်ကို ဆွဲကာ ထ,ဟန်ပြင်သည်။ လှေသမားက ပြန်လည်ဖေးမရင်း ထိုင်စေလိုက်သည်။

"ကျုပ် ဝိုင်းရှာပေးပါ့မယ် ဒွေးလေးရယ်၊ စိတ်မပူစမ်းပါနဲ့၊ ခုတော့ ခဏအမောဖြေလိုက်ပါဦး၊ ဒွေးလေး မောနေပြီ၊ ခဏနားလိုက်ပါဦး၊ ပြီးရင် ကျုပ် ဒွေးလေး သားကို ရှာပေးမယ်နော်"

"ဟီးဟီး ... ငါ့သားလေး ဒုက္ခရောက်နေပြီထင်ပါတယ်ကွယ်၊ သားရေ ... လူလေး၊ အမေခေါ်နေတယ်လေ၊ သား ဘယ်မှာလဲကွယ်၊ အီးဟီးဟီး"

သူမရင်ထဲ ကြေမွအက်ကွဲလာရကာ သည်းသည်းထန်ထန် ငိုကြွေးမိပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



"ခွေးလေး ဒီမှာ ခဏနားနေဦးနော်၊ ကျုပ် အထဲမှာ ခွေးလေးသားကို သွားရှာပေးမယ်"

လှေသမားက ကရုဏာသက်စွာ ဆိုလေသည်။

"အေး ... အေး ... လူလေးရယ်၊ ခွေးလေး သားကို တွေ့အောင်ရှာပေးပါနော်"

"ရှာပေးပါ့မယ် ခွေးလေး၊ ဘယ်မှမသွားနဲ့ နော်၊ ဒီမှာပဲ နေပါ၊ ကျုပ် ပြန်မလာမချင်း ဒီမှာပဲ စောင့်နေပါနော်"

"ကောင်းပါပြီ လူလေး၊ ခွေးလေး ဒီမှာပဲ စောင့်နေပါ့မယ်"

လှေသမားက သူမကို စိတ်မချသလို ကြည့်ရင်း တောအုပ်လေးအတွင်းပိုင်းသို့ လှမ်းဝင်သွားလေ၏။ ထွက်ခွာသွားသော ထိုလှေသမားလေးကို ကြည့်ရင်း သူမစိတ်တွင်း ဆုတောင်းမိလိုက်ပါ၏။ သားလေးကို အမြန်ဆုံး ရှာတွေ့နိုင်ပါစေလို့။ သားရယ် ... အမေ့ သားရယ်။ အမေ့ရင်ထဲ မီးတွေ တောက်လောင်နေရပြီ ကွယ်။ သား ဘယ်မှာလဲ။ အမေ့သားကို ရှာမတွေ့တော့



ဘူးလား။ အမေ ငါ့သားမျက်နှာလေးကို မတွေ့မမြင် ရတော့ဘူးလား။ သားလေး ဒုက္ခရောက်နေပြီလား။ အမေ့ရင်တွေ ပူမြိုက်တောက်လောင်နေပါပြီကွယ်။ သူမ တွေးရင်းတွေးရင်း ဝမ်းနည်းမှုတို့ ဆို့တက်လာရ ပြန်ကာ ဟစ်အော်ခေါ်လိုက်မိတော့၏။

"သား ... သားရေ ... သားရေ ... သား ရေ"

သူမအသံတို့ ဟိန်းပျံ့သွား၏။ ခေါ်ရင်း အော် ရင်းဖြင့် သူမ တစ်စုံတစ်ခုကို တွေ့မြင်ရ၏။ ဟို ခပ် လှမ်းလှမ်း သစ်ပင်အောက်နားဆီတွင် ဖြစ်သည်။ သူမ က ဘာပါလိမ့် သိချင်သွားရကာ နေရာမှ အားယူထ၍ ရှေ့တိုးလှမ်းလာမိသည်။ ထိုအရာသည် သစ်ပင်အောက် နားဆီတွင် ခပ်ပုံ့ပုံ့သဏ္ဍာန် ကျနေ၏။ ဘာပါလိမ့်။

"အို ... သားရဲ့အဝတ်အစားတွေပဲ"

သား ဝတ်ဆင်ခဲ့သော အဝတ်အစားများပင် ဖြစ်၏။ အဝတ်အစားတွေ ဘာဖြစ်လို့ ဒီရောက်နေတာ လဲ။ စောစောလေးတင် သားရဲ့ဖိနပ်ကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အခု အဝတ်အစားတွေ ထပ်တွေ့ရပြန်ပြီ။ သားကရော ဘယ်မှာလဲ။ ဘာဖြစ်သွားပြီလဲ။ သူမ အတွေးတို့ ချာချာလည်ကာ နေတော့သည်။

"အို ... ဒီနေရာ ... ဒီနေရာက အိပ်မက်၊ ဟုတ်တယ်၊ ငါ့အိပ်မက်ထဲက နေရာပဲ"

သူမ အထိတ်တလန့် ရေရွတ်မိ၏။ သူမ အိပ်မက်ကို ပြန်သတိရလာမိပြန်သည်။ အိပ်မက်ထဲမှာ ဒီနေရာ ဒီသစ်ပင်ကြီးရှေ့မှာပေါ့။ သားက မိန်းမချောလေး လေးယောက်နှင့်အတူ သူမကို ရပ်ကြည့်နေခဲ့တာ။ အခုလည်း သားရဲ့အဝတ်အစားတွေ ဒီနေရာမှာ ရောက်ရှိနေသည်။ သူမအလန့်တကြား သစ်ပင်ကြီးကို မော့ကြည့်မိလိုက်၏။

ထိုအချိန်မှာပဲ ထူးခြားဆန်းပြားသော ဖြစ်ရပ်တစ်ခုကို သူမ ကြုံတွေ့လိုက်ရတော့သည်။ ထိုသစ်ပင်ကြီးသည် လေမတိုက်ဘဲ တဖြည်းဖြည်း လှုပ်ယမ်းလာခြင်းပင်။ ထို့နောက် သစ်ပင်ကြီး၏ လုံးပတ်တွင် ပုံရိပ်တစ်ခု ထင်ဟပ်လာသလို ဝိုးတဝါးမြင်ယောင်မိ ရလေ



၏။

"သား ... သားလေး"

သူမကယောင်ကတမ်း ခေါ်ရင်း သစ်ပင်ကြီး ပတ်ပတ်လည် ရှာနေမိသည်။

"အို ... သားလေး၊ အဖြစ်ဆိုးလှချည်လား သားရယ်၊ အမေ မယုံနိုင်ပါဘူးကွယ်၊ အမေ ဘယ်လိုဖြေရမလဲ သားရဲ့"

သားလေး ဒုက္ခရောက်ခဲ့ရပြီ။ ဒေါ်ဖြူရင်ထဲတွင် အသေအချာ နားလည်လိုက်မိ၏။

အမေ့သားလေးကို အမေ လက်လွှတ်ဆုံးရှုံးရပြီ။ အမေ့ကို သား ခွဲခွာသွားပြီပေါ့။ သားရယ် ... အမေ မယုံနိုင်တော့ပါဘူးကွယ်။ အမေ့ရင်တွေ ကွဲပါပြီ သားရယ်။

သူမ အိပ်မက်သည် နိမိတ်ဖတ်ခဲ့တာလား။ သူမ သားကို မသွားဖို့ အတန်တန်တားခဲ့သည်။ သို့သော် သားက ငွေလိုနေသောကြောင့် သွားချင်သည်ဟု ပြောသည်။ သားလေး စိတ်ဆင်းရဲရမှာကို မလိုလား၍

www.burmeseclassic.com

www.burmeseclassic.com



သူမ မတားရက်နိုင်ခဲ့တော့သည်မှာ သူမအမှားပင် ဖြစ်သွားခဲ့ရပြီ။ သူမ စိုးရိမ်သည့်အတိုင်း၊ ပူပန်နေခဲ့မိသည့်အတိုင်း သားလေး အဖြစ်ဆိုးခဲ့ရပြီ။

နှလုံးသည်းစိုင်တို့ ကြေကျမတတ် သူမ ဝမ်းနည်းပက်လက် ငိုကြွေးနေမိလေတော့သည်။

"ဒွေးလေး … ဒွေးလေး၊ ဘာဖြစ်လို့ ငိုနေတာလဲဟင်၊ ဘာဖြစ်လို့လဲ"

လေ့သမားလေး ပြန်ရောက်လာကာ သူမကို စိုးရိမ်တကြီး မေးသည်။ သူမ ဘာစကားမှ မဆိုနိုင်တော့။ သူမ သားအဝတ်အစားတွေကို ရင်ဝယ်ပိုက်ကာ သစ်ပင်ကြီးကို ကျောခိုင်းလိုက်၏။ ဒီနေရာမှာ ဆက်နေရင် သူမ ရင်တွေကွဲပြီး သေရတော့မည်။ သားသည် သူမနှင့် ဘဝခြားသွားခဲ့ပြီပဲ။ သူမ သားကို ပြန်တွေ့ဖို့ ဘယ်လိုမှမဖြစ်နိုင်တော့လို့ နားလည်မိလိုက်ရကာ ကျွန်းကြီးအတွင်းမှ ထွက်လာခဲ့တော့သည်။ အမေတို့တွေ ဝေးရပြီပေါ့ သားရယ်။ တစ်ဘဝစာလုံး သားလေး အမေ့ကို ခွဲခွာသွားပြီပေါ့။ ရှင်သာမဏေ ဝတ်ချင်လို့၊



အိမ်ပြန်ဆောက်ချင်လို့ ငွေရှာရန်သွားခဲ့တဲ့ သားလေးခုတော့ အဖြစ်ဆိုးတွေနဲ့ ရင်ဆိုင်ခဲ့ရပြီ။ အမေလည်း နှလုံးတွေ မွမွကြေကုန်သလို ခံစားရပါပြီကွယ်။

သူမ ငိုကြွေးရင်း မိန်းမလှကျွန်းကြီးကို ကျောခိုင်း ထွက်ခွာလာခဲ့တော့သည်။

"သားရေ … နေရစ်ခဲ့ပါတော့၊ အမေတို့တွေ ဘဝခြားသွားခဲ့ပြီ၊ ဘယ်တော့မှ ပြန်မဆုံနိုင်လောက်အောင် ဘဝတွေ ခြားသွားခဲ့ပါပြီကွယ်"

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၂)

ဒေါ်ဖြူ ဒလသို့ ပြန်ရောက်လာခဲ့ပေပြီ။ သူမကို ကရုဏာသက်သော မျက်ဝန်းများဖြင့် ကြည့်ရှုကာ ကြိုဆိုကြသည်။ သူမ အရင်ဆုံး ရှာမိသည်မှာ မောင်ကံလှကို ဖြစ်၏။

"ဒွေးလေး ကျုပ်ကို ခွင့်လွှတ်ပါဗျာ၊ မောင်ရှင်က ဒွေးလေးကို မပြောဖို့ ကျုပ်ကို ကတိတောင်းထားလို့ပါ"

ကံလှက မျက်နှာငယ်လေးနှင့် ပြော၏။

"ငါ့သား ဘယ်လိုသေရတာလဲဟင်"

သူမအမေးကို ကံလှက သက်ပြင်းတစ်ချက်ရှိုက်ကာ ပြောပြလေတော့၏။ လှေထွက်မရ၍ စတေးခဲ့



ရမည့်သူကို မဲနှိုက်ဆုံးဖြတ်ကြရာ သား မောင်ရှင်မှာ သုံးကြိမ်သုံးခါတိုင်တိုင် မဲကျ၍ ပင်လယ်အတွင်းသို့ ပစ်ချခဲ့ရခြင်းဖြစ်ကြောင်း ပြောပြီးအဆုံး သူမ နှလုံးပူဆွေးမှုကြောင့် မေ့မြောလဲကျသွားလေတော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



သူမ နေပြန်ကောင်းလာပြီဖြစ်၍ သားကြိုက်သည့် ကောက်ညှင်းပေါင်းလေးကို ပေါင်းနေမိသည်။ ပြီးရင်တော့ ငှက်ပျော၊ အုန်းသီး၊ ထန်းလျက်၊ လက်ဖက်၊ ကွမ်းယာတို့ဖြင့် သားကြိုက်သည့် အစားအစာတွေကို နတ်စင်လေးပေါ် တင်၍ သားကို ခေါ်ကျွေးရမည်။ ဖြစ်ရပ်တို့သည် သူမ အိပ်မက်နှင့် အလွန်ပင် တိုက်ဆိုင်ခဲ့ရသည်မဟုတ်လား။ အိပ်မက်ထဲတွင်လည်း သူမ ကျွန်းကြီးတစ်ကျွန်းပေါ်၌ သားကို ရှာနေသည်။ အခုလည်း သားကို မိန်းမလှကျွန်းပေါ် ရှာခဲ့ရပြီးပြီ။ သားရဲ့အဖြစ်ဆိုးတွေကိုလည်း သိခဲ့ရပြီးပြီ။ ပထမ အိပ်မက်ပြီးမြောက်သွားပြီဟု သူမ နားလည်လာမိရ



သည်။ ယခု ဒုတိယအိပ်မက်သာ ကျန်တော့သည်။ အိပ်မက်ထဲတွင် သားက သူမ ပြင်ထားသော အစားအစာလေးတွေကို လာစားသည်။ သားနဲ့ တွေ့ရသည်။ ဒါကြောင့် သူမ ထိုသို့လုပ်နေခဲ့ရခြင်း ဖြစ်သည်။ သူမဆီ သား လာလိမ့်မည်ဟု ယုံကြည်နေခဲ့၍လည်း ဖြစ်လေ၏။

အချိန်သည် နံနက် နေရောင်မပျိုးခင် ဝေလီဝေလင်းကာလ ဖြစ်၏။ သားကြိုက်သည့် အစားအစာတွေကို နတ်စင်လေးပေါ် တင်၍ ခေါ်ဖြူ သားကို စောင့်မျှော်နေမိ၏။

"သား ... မောင်ဂှုင်၊ အမေရှိရာအရပ်သို့ ကြွမြန်းခဲ့ပါ သားရယ်"

ဟုလည်း နှုတ်မှ ခပ်တိုးတိုး ရွတ်ဆိုနေမိသည်။ ထိုအချိန် အဝေးဆီမှ အသံသဲ့သဲ့ ပျံ့လွင့်လာသည်။ နားစိုက်ကြည့်နေရင်းမှ ထိတ်ခနဲ ဝမ်းသာသွားရတော့သည်။ ဒါ စောင်းသံပဲ။ သားရဲ့စောင်းသံပဲ ဖြစ်ရမည်။ သား ရောက်လာတော့မည်။ သူမဆီကို ရောက်

www.burmeseclassic.com

www.burmeseclassic.com



လာတော့မည်။ ဒေါ်ဖြူ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိကာ ခြေဖျားလက်ဖျားများ အေးစက်လာတော့၏။ ရှေ့ဘက်ဆီတွင် ချောင်းရိုးကလေးတစ်ခုရှိ၏။ ထိုချောင်းရိုးလေးအတိုင်း သူမ မျှော်ကြည့်နေမိသည်။

အိပ်မက်ထဲမှာ သားက ဒီချောင်းရိုးလေးအတိုင်း ရောက်လာခဲ့တာမဟုတ်လား။ စောင်းသံသည် အဝေးဆီမှ တဖြည်းဖြည်း နီးလာသလို ခံစားလိုက်ရသည်။ ခပ်ဝါးဝါး အရိပ်သဏ္ဌာန်တစ်ခု ချောင်းရိုးလေးအတိုင်း ရွေ့ဆင်းလာသလို မြင်လိုက်ရသည်။

"အို ... သား လာနေပြီ"

ဒေါ်ဖြူ ဝမ်းနည်းဝမ်းသာစိတ်တို့ တပြိုင်တည်း ခံစားလိုက်ရကာ မျက်ရည်များပင် လည်လာတော့သည်။ စောင်းသံသည် ပို၍ပို၍ နီးလာလေပြီ။

ဘာကိုမှတော့ မမြင်တွေ့ရ။ သို့သော် သားကိုလွမ်းသော မိခင်၏ မေတ္တာစိတ်ဖြင့် အားလုံးကိုခံစားလို့ရနေမိ၏။

တီးတိုး ရေရွတ်လိုက်မိသည်။



"သား ... သား အမေ့ဆီလာတယ်၊ ဒီမှာလေ သားကြိုက်တဲ့ အစားအစာတွေ အမေပြင်ထားတာ၊ သား စားဖို့လေ"

လေတိုက်သံလိုလို၊ သစ်ရွက်ကလေး လွင့်လာသလိုလို၊ ခြေသံလိုလိုအသံလေးကို သူမကြားယောင်မိလေ၏။

စင်ကလေးပေါ်ရှိ အစားအစာများကို ယူကာ လှမ်းပေးသည့်နှယ် ပြုလိုက်၏။

ခဏကြာသော်

ခြေသံလေးလိုလို ပြန်ကြားရပြန်သည်။

ဒီတစ်ခါတော့ တရွေ့ရွေ့ဝေးသွားသလို အသံများ။

အဝေးချောင်ရိုးရှိ ရေစီးချောင်းအတိုင်း တစ်ခုခုပြန်မျောသွားသလို မြင်လိုက်ရသည်။

မိချောင်း တစ်ကောင်များလား။

သားသည် သူမနှင့် ဝေးရာဆီသို့ ပြန်လည်ထွက်ခွာသွားပေပြီ။ သူမကို ထားသွားခဲ့ပြီ။ သားနှင့်

www.burmeseclassic.com

www.burmeseclassic.com



အမေ ဝေးကြရပြန်ပြီပေါ့။ အမေ့ဘဝထဲက သား ထွက်ခွာသွားခဲ့ပြီ။ ဘဝသစ်မှာ သားလေး ငြိမ်း ချမ်းပါစေကွယ်။ ဒေါ်ဖြူမှာ ချောင်းရိုးလေးအတိုင်း မျှော်ကြည့်နေမိသည်။ စိတ်ကမြင်ယောင်မိသော ပုံရိပ်သဏ္ဌာန်လေးသည် တဖြည်းဖြည်း ဝေး၍ဝေး၍ သွားပြီးနောက် ပျောက်ကွယ်သွားလေတော့၏။ သူမ အတော်ကြာအောင် ရပ်ကြည့်နေခဲ့ပြီးမှ အိမ်ဘက်သို့ လှမ်းလျှောက်လာခဲ့မိသည်။ တိုစဉ် ဖျပ်ကနဲ မြင်လိုက်ရသော မြင်ကွင်းကြောင့် အံ့အားတသင့် ရေရွတ်မိလေတော့သည်။

"အို … အိမ်ထဲမှာ လင်းကနဲ ဖြစ်သွားပါလား၊ ရွှေရောင် ငွေရောင်တွေ တောက်ပသွားသလိုပဲ"

အိမ်ထဲဝင်လိုက်သောအခါ ခုနက မြင်လိုက်မိသော လင်းလက်သွားသလိုအသွင်မှာ ပျောက်ကွယ်သွားလေ၏။ အံ့သြစိတ်တို့နှင့်အတူ ဒေါ်ဖြူမှာ သားရဲ့ စကားသံလေးကို ကြားယောင်လာမိလေတော့၏။

"သား … ဘယ်ဘဝရောက်ရောက် အမေ့ကို

BURMESE CLASSIC .com



စောင့်ရှောက်နေမှာပါ အမေရယ်"

တဲ့လေ။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၃)

"ဒေါ်ဖြူတို့ စီးပွားတက်ပြီးရင်း တက်နေပြန်ပြီဟေ့"

ဟူသော ချီးကျူးသံများမှာ မကြာခင်မှာပင် ဒေါ်ဖြူနေထိုင်ရာ ဒလအနီး ရွာကလေး၌ မကြားချင်အဆုံး ကြားလာရသော စကားသံများ ဖြစ်ပါချေသည်။ လူတိုင်းကလည်း ထိုစကားကို ထောက်ခံကြ၏။

"ဟုတ်တယ်နော်၊ လုပ်သမျှ ဖြစ်နေတော့တာပဲ"

တစ်ချို့ကလည်း သူတို့သိသမျှကို ပြန်ဖောက်သည်ချ ကြလေသည်။



"ဟိုဘက်ရွာကထွက်တဲ့ နှမ်းတွေ၊ မြေပဲတွေ ဝယ်လှောင်ထားတာတဲ့၊ ဒီနှစ် သူများတွေ ရောင်းတာ အရှုံးပေါ်ကြပေမယ့် ဒေါ်ဖြူကတော့ အချိုးကြီး မြတ်သွားလိုက်တာလေ"

"အေးနော် … ဒေါ်ဖြူ ဘာလုပ်လုပ် ရှုံးတယ်ဆိုတာ မရှိဘူး၊ ကံကောင်းလိုက်တာနော်"

"ကံကောင်းတာများ ပြောမနေနဲ့၊ စပါးလေးလည်း အောင်မြင်၊ ကြက်သွန်ဝယ်လှောင်လည်း အောင်မြင်၊ အို … ဘာလုပ်လုပ် အောင်မြင်နေတာပဲ ကြည့်တော့"

နောက်ဆုံးတော့ သူတို့ အတွေးပေါက်လာကြ၏။

"ဟဲ့ … ဒေါ်ဖြူမှာ အဆောင်ကောင်းတွေ ဘာတွေ ရှိလို့လားမှ မသိတာ"

"တို့ မေးကြည့်ရင် ကောင်းမယ်နဲ့တူတယ်"

ထိုသို့ဖြင့်ပင် နေ့ချင်းညချင်း တရိပ်ရိပ် တက်လာသော ဒေါ်ဖြူ၏ စီးပွားရေးကို အားကျ အံ့သြသူတွေ

www.burmeseclassic.com

www.burmeseclassic.com



ကလည်း အများအပြား။ စူးစမ်းမေးမြန်းကြသူတွေလည်း တစ်နေ့တခြား ပိုလို့များပြားလာခဲ့တော့၏။ ထိုသို့ မေးမြန်းလာသူတိုင်းအား ဒေါ်ဖြူက တစ်ခွန်းထဲ ပြုံးပြုံးလေး အဖြေပေးတတ်သည်။

"သားမောင်ရှင် မ,စ စောင့်ရှောက်တာ"

တဲ့။ ဒေါ်ဖြူကို အားကျသူတွေမှာ ဒေါ်ဖြူနည်းတူ ဒေါ်ဖြူ့သား မောင်ရှင်ကို ပူဇော်ပ,သ ကြလေတော့၏။

ပ,သပူဇော်သူတိုင်းတွင် သိသာ ထင်ရှားသော အပြောင်းအလဲတစ်ခု ဖြစ်ခဲ့ကြသည်။

စီးပွားလာဘ်လာဘများ တရိပ်ရိပ် တိုးပွားလာခြင်းပင်။

ထိုသို့ဖြင့် …

တဖြည်းဖြည်း ပ,သ ပူဇော်သူတွေ တိုးပွားများပြားလာခဲ့ရာမှ …

နောက်ဆုံးတွင် …

ရေနံ့ပိုင်တစ်ရိုး အုပ်စိုးသည့် ဦးရှင်ကြီးဟူ



သော အမည်နာမတစ်ခုမှာ ဟိုးဟိုးကျော် ထင်ရှားလာခဲ့ပါလေတော့သည်။



* * *

www.burmeseclassic.com